ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ (21-7-2011) (၆၂၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တိုင်းရင်းဆေးပညာများတိုးတက်ရေး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပြီး လက်တွေ့စမ်းသပ် ပြည်သူများ ယုံကြည်စိတ်ချအသုံးပြုနိုင်အောင် အရည်အသွေးပြည့်မီရေးနှင့် ကျယ်ပြန့်စွာသုံးစွဲနိုင်ရေး ကြိုးပမ်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်၌ လိုအပ်သည်များ မှာကြား

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ ညနေ ၃ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်မြင့်က နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်၊ ဝန်ကြီးဌာန လေးခုနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ဥယျာဉ်၏ဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အား၊ ပရဆေးဥယျာဉ်အတွင်း စုဆောင်းထားရှိသော ဆေးဖက်ဝင်အပင်များနှင့် အသုံးဝင်သောအပင်များ စိုက်ပျိုးထားရှိမှု၊ ကျန်းမာရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြတိုက်များအတွင်း တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းများ ပြသထားရှိမှုနှင့် ပရဆေးဥယျာဉ်၏ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်အတွင်း ပရဆေးပင်များ စုဆောင်းစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များအား မှာကြားရာတွင် တိုင်းရင်းဆေးပညာရပ်များ ပိုမိုတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်၊ တိုင်းရင်းဆေးများကို လက်တွေ့စမ်းသပ်မှုများပြုလုပ်ပြီး အများပြည်သူများ ပိုမိုယုံကြည်စိတ်ချစွာ အသုံးပြုနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တိုင်းရင်းဆေးထုတ်လုပ်မှုအပိုင်းတွင် သတ်မှတ်အရည်အသွေးပြည့်မီစေရေးနှင့် တိုင်းရင်းဆေးညွှန်းများကို တိကျသောအလေးချိန် ပမာဏအတိုင်းအတာဖြင့် သတ်မှတ်ဆောင်ရွက်ရန်၊ထို့အပြင် တိုင်းရင်းဆေးများကို တွင်ကျယ်စွာ သုံးစွဲနေသည့် အခြားနိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ အခြားနိုင်ငံများမှ တိုင်းရင်းဆေးပညာရပ်များကို အမြဲမပြတ် လေ့လာဆည်းပူးသွားကြရန်နှင့် တိုင်းရင်းဆေးပညာရပ်များ စဉ်ဆက်မပြတ် တိုးတက်လာစေရေးအတွက် သုတေသန စာတမ်းဖတ်ပွဲများကို **စာမျက်နှာ ၃ ကော်လံ ၁ သို့✳**

ရှင်းလင်းတင်ပြ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အား နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ရှင်းလင်းဆောင်၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ အောင်မြင့် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

၂၁- ၇ -၂၀၁၁
(ကြာသပတေးနေ့)

ကုန်စည်ပို့ဆောင်ဆက်သွယ်သွားလာမှု အဆင်ပြေရေး လမ်း၊ တံတားများကြံ့ခိုင်မှု မပြတ်စစ်ဆေး

ယခုရက်ပိုင်းအတွင်း မုတ်သုံလေ ဆက်လက်အားကောင်းနေသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ အချို့မြို့များတွင် မိုးရေချိန်စံချိန်သစ် မှတ်တမ်းတင်ရသည်အထိ မိုးများစွာ ရွာသွန်းနေသည်ကို တွေ့ရသည်။

မုတ်သုံလေအားကောင်းမှုကြောင့် မိုးသည်းထန်၍ မြစ်ရေကြီးသည့် ဒေသများတွင် ဆက်သွယ်ရေးလမ်းကြောင်းများ၊ လူနေအိမ်များ ရေမြုပ်ပျက်စီးမှုမရှိစေရေး ကြိုတင်ကာကွယ်စီစဉ်ထားကြရန် လိုအပ်သည်။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ထားကြရပေမည်။ ဆက်သွယ်သွားလာမှု မပြတ်တောက်ရေး၊ စားနပ်ရိက္ခာ၊ ဆေးဝါးကုသမှုလိုအပ်ချက်များ အချိန်မီဖြည့်တင်း ကူညီလုပ်ကိုင်နိုင်ရေး အသင့်စီမံထားကြရမည်ဖြစ်သည်။

ယခုရက်ပိုင်းအတွင်း နေရာဒေသအနှံ့အပြား၌ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိရာ လမ်းများ၊ တံတားများ ကြံ့ခိုင်ကောင်းမွန်ရေး မပြတ်စစ်ဆေးကြရန် လိုအပ်သည်။ အချို့လမ်းများ၌ မြေပြို၍ ဆက်သွယ်သွားလာမှု ပြတ်တောက်ခြင်း၊ အချို့ကားလမ်း၊ ရထားလမ်းများ ရေတိုက်စား၍ ချိုင့်များဖြစ်သွားခြင်း၊ မြေကျွံခြင်းတို့ကြောင့် ယာဉ်၊ ရထားများ အန္တရာယ်မဖြစ်စေရန် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

မြစ်ရေကြီး ရေလွှမ်းခြင်းကြောင့် တံတားများ ရေကျော်ခြင်း၊ တံတားချဉ်းကပ်လမ်းမြေများ နိမ့်ဆင်းနိုင်ခြင်းတို့ ဖြစ်နိုင်သည်။ တံတားနှင့် ဆက်စပ်လမ်းများ ကြံ့ခိုင်ကောင်းမွန်စေရေး မပြတ်စစ်ဆေး ပြုပြင်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

မိုးရာသီရေကြီးမှုဖြစ်ပေါ်နိုင်သည့် မြို့ရွာများအနေဖြင့် မိမိတို့မြို့ရွာရှိ အခြေခံရေစစ်မျဉ်းအထက် မြစ်ရေ တက်ရောက်မှုအမှတ်အသားများကို စောင့်ကြည့်ကြရပေမည်။ ရေကင်းများထား၍ မြစ်ရေ တာပေါင်ရိုးတစ်လျှောက် မပြတ်ကြည့်ရှုနေကြရန်လည်း လိုအပ်မည်ဖြစ်သည်။

မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်းတို့ကြောင့် ဆက်သွယ်ရေးလမ်းများ ပြတ်တောက်ပါက ကုန်စည်ပို့ဆောင်မှု၊ ခရီးသည်များ သွားလာဆက်သွယ်မှုများတွင် အခက်အခဲကြုံတွေ့နိုင်သည်။ လမ်း၊ တံတားဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ရွာအသီးသီးရှိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအားလုံးက သဘာဝဘေးအန္တရာယ်မှ ကာကွယ်နိုင်ရေး အချိန်အခါမလပ် ကြိုတင်စီစဉ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။

သီပွံနည်းကျ စိုက်ပျိုးနည်းစနစ် သရုပ်ပြပွဲ ညောင်တုန်းမြို့နယ်၌ ကျင်းပ

ညောင်တုန်း ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာအုပ်စု ၁၀ ဧကစံပြစိုက်ကွင်းရှိ ကွင်းအမှတ် (၄၀၉) ဦးပိုင်အမှတ်(၂၀၂/၂၀၃) တောင်သူ ဦးထွန်းရီနှင့် ဦးကျင်တို တို့၏ လယ် လေးဧကတွင် ဇူလိုင် ၅ ရက်က မျိုးစေ့အလေအလွင့်နည်းစေရန်နှင့် တစ်ဧက တင်း ၁၀၀ နှင့်အထက် ထွက်ရှိရေးအတွက် သီပွံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်နှင့်အညီ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်ပြီး ပျိုးနုတ်စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ကျင်းပရာ ခရိုင်မန်နေဂျာ ဦးမောင်မောင်အေးက သီပွံနည်းကျ စိုက်နည်းစနစ် ၁၄ ချက်ကို အသေးစိတ်ရှင်းလင်းပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာနှင့် ကွင်းဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့သည်။ **(အပေါ်ပုံ)**

(မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း)

ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်

လက်ပံတန်း ဇူလိုင် ၂၀

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့ပေါ် စာသင်ကျောင်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်က ဘီးလင်းတန်း (အမက)နှင့် ဇောမိကလေး (အမက) စာသင်ကျောင်းများတွင် ဒုတိယဦးစီးမှူး ဦးခင်ဇော်နှင့် ဝန်ထမ်းများက ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်သူ့သဘောထား

ရန်ကုန်မြစ်နှင့် ဧရာဝတီမြစ် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၀

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Changjiang Waterway Bureau ဒုတိယဥက္ကဋ္ဌ Mr. Zhou Xiang Shu နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ရန်ကုန်မြစ်ကြောင်းနှင့် ဧရာဝတီမြစ်ကြောင်း ရေလမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Great Industry Corporation ဒုတိယဥက္ကဋ္ဌ Mr. Xexing နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံကြရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Great Industry Corporation ဒုတိယဥက္ကဋ္ဌ Mr. Xexing နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

လယ်ယာကုန်ထုတ်အသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

နေပြည်တော် ဇူလိုင် ၂၀

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာအုပ်စု ညောင်လွန့်လယ်ယာကုန်ထုတ်အသင်းအလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသားများအား တွေ့ဆုံ၍ သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးရွာနေတောင်သူလယ်သမားများအား လူနေမှုဘဝမြှင့်တင်ရေးအတွက် လိုအပ်ချက်များနှင့် သမဝါယမဝန်ကြီးဌာနမှ ပံ့ပိုးပေးမည့်အစီအစဉ်များအား အသေးစိတ် ရှင်းလင်းမှာကြားခဲ့သည်။ **(ဝဲပုံ)**

(၀၉၂)

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အရာတော်၌ ကျင်းပ

အရာတော် ဇူလိုင် ၂၀

အရာတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနကြီးမှူး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက်က အရာတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက မကျီးဇောက် အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် မကျီးတန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးငွေးဆောင်တို့အားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ဘောင်းကျကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် ဝါးတောမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးရွှေပိုတို့အား အသီးသီးပေးအပ်ကြောင်းနှင့် အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကံထွန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နှစ်ဖက်ဘိုးဘွားများနှင့် ဖခင်ကြီး ဦးကျင်ဝမ်တို့အားရည်စူး၍ မြောင်းမြမြို့နယ်နေ ဒေါ်ကျင်လှိုင်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၀-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၉၁၅၀	၀. ၀၃၃၄၃
တရုတ် (ယွမ်)	၆. ၄၅၇၀၀	၀. ၁၅၄၈၇
အိန္ဒိယ (ရူပီး)	၄၄. ၄၅၀၀	၀. ၀၂၂၅၀
မလေးရှား (ရင်းဂစ်)	၂. ၉၉၆၀၀	၀. ၃၃၃၇၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၃၇၀	၀. ၈၂၃၉၃
ဂျပန် (ယန်း)	၇၈. ၈၅၄၂	၀. ၀၁၂၆၈
တောင်ကိုရီးယား(ဝမ်)	၁၀၅၅. ၂၁	၀. ၀၀၀၉၅
ယူရို	၀. ၇၀၃၂၀	၁. ၄၂၂၀၇
ဗြိတိသျှ (ပေါင်)	၀. ၆၁၉၃၂	၁. ၆၁၄၆၇

အင်တာနက်။

ကျောက်ဖြူမြို့နယ်၌ တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

ကျောက်ဖြူ ဇူလိုင် ၂၀

ကျောက်ဖြူမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် Better Life လူမှုရေးအဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသည့် တောင်သူပညာပေးဆွေးနွေးပွဲကို ဇွန် ၁၈ ရက်က အဆိုပါမြို့နယ် ပြိုင်းစေ့ကေကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ဌာနဆိုင်ရာနှင့် လူမှုရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး ခရိုင်မန်နေဂျာ ဦးအောင်ဇံသာနှင့် ဦးစီးမှူး ဦးဇေယျာအောင်တို့က အမှာစကားပြောကြားကြကာ Program Manager က ရည်ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်မန်နေဂျာက မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးနှင့် သီပွံနည်းကျစိုက်ပျိုးနည်းစနစ်ကိုလည်းကောင်း၊ စိုက်ပျိုးရေးပညာရှင်တစ်ဦးက လင်းနို့ချေး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းနှင့် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြ၍ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

✳ ရှေ့ဖုံးမှ

ကျင်းပဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။ ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ကျန်းမာရေးဝန်ကြီးဌာန၏ တိုင်းရင်းဆေးသုတေသနပြတိုက်နှင့် တိုင်းရင်းဆေးပညာဖွံ့ဖြိုးရေးပြတိုက်၊ သစ်တောရေးရာဝန်ကြီးဌာန ပြတိုက်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြတိုက်များအတွင်း ခင်းကျင်းပြသထားသည့် ပရဆေးပင်များ၏ သိပ္ပံဆိုင်ရာ အချက်အလက်များ၊ သဘာဝအတိုင်း လေ့လာနိုင်သည့် ပင်စိုနမူနာများ၊ ပင်ခြောက်နမူနာများ၊ ပရဆေးကုန်ကြမ်းများ၊ ကျန်းမာရေး ပညာပေး ပိုစတာများ၊ တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းများ၊ နယကြီးလေးပါး ပြကွက်များနှင့် ဥယျာဉ်အတွင်း ပရဆေးပင်များ စုဆောင်းစိုက်ပျိုးထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးထိန်းသိမ်း

အဆိုပါ နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး အကျယ်အဝန်းအားဖြင့် ၁၉၆ ဒသမ ၄၀ ဧက ကျယ်ဝန်းသည်။ ဥယျာဉ်အတွင်း ဆေးဖက်ဝင် ပရဆေးပင်များ၊ ပရဆေးပျိုးပင်များနှင့် ရောဂါအလိုက် အသုံးဝင်သော ပရဆေးပင်များကို စုံလင်စွာ စိုက်ပျိုး ထိန်းသိမ်းထားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ်ရှိ တိုင်းရင်းဆေးပညာဖွံ့ဖြိုးရေးပြတိုက်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး နေပြည်တော် လယ်ဝေးမြို့နယ် သီရိရတနာဈေး၌ စားသောက်ကုန် ရောင်းဝယ်ဖောက်ကားသူများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ် သီရိရတနာဈေး သမဝါယမအသင်းလီမိတက်ရုံးခန်း၌ ဈေးအတွင်း စားသောက်ကုန်ရောင်းဝယ်ဖောက်ကားသူများနှင့် တွေ့ဆုံပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့်ကိုက်ညီသော စားအုန်းဆီများကို ဈေးသမဝါယမအသင်းမှတစ်ဆင့် လယ်ဝေး ဈေးသူ၊ ဈေးသားများ၊ နယ်သူနယ်သားများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းဆွေးနွေးပွဲသို့ သမဝါယမဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ၊ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိနှင့် ဦးစီးမှူးများ၊ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဈေးအတွင်း စားကုန်ရောင်းချသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဈေးအတွင်း အသင်းသူ၊ အသင်းသားများ၏ ဈေးရောင်းဝယ်ဖောက်ကားမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

အာဟာရဖြည့်အစားအစာများ ထောက်ပံ့

မန္တလေး ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အတွင်းရှိ တီဘီဆေးယဉ်ပါးသော လူနာခြောက်ဦးတို့အား အာဟာရဖြည့် အစားအစာများနှင့် ထောက်ပံ့ကြေးငွေ ပေးအပ်လှူဒါန်းခြင်းကို ဇွန် ၁၀ ရက်က မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ် နန်းရှေ့ ပြည်တော်သာတိုက်တန်းနေ ဒုတိယရဲမှူးသက်ဝင်း (မိုင်းဖြတ်မြို့နယ် ရဲတပ်ဖွဲ့မှူး)- ဇနီး ဒေါ်ခင်စိုးမော် (ကျန်းမာရေးဆရာမ၊ ချမ်းအေးသာစံမြို့နယ်)မိသားစုက တီဘီဆေးယဉ်ပါးလူနာတစ်ဦးလျှင် ထောက်ပံ့ကြေး ငွေကျပ် ၁၅၀၀၀ စီနှင့် အာဟာရဖြည့် အစားအစာများကို လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းလင်းချစ်က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

(ကြေးမုံ)

ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်းဖွင့်

ညောင်လေးပင် ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်က ညောင်လေးပင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟစိုးက အဖွင့်အမှာစကားပြောကြားသည်။**(အောက်ဝဲပုံ)** ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးရဲလွင်က ကျောင်းပြင်ပ မူလတန်းပညာရေး သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) သင်တန်းဖွင့်လှစ်ရခြင်းကြောင့် ညောင်လေးပင်မြို့နယ် အတွင်း အကြောင်းအမျိုးမျိုး၊ အခက်အခဲအမျိုးအမျိုးကြောင့် ပညာသင်ခွင့်မရရှိကြသော အသက် (၁၄) နှစ်မှ (၁၇) နှစ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ခွင့်ရရှိရေး၊ ဘဝမြှင့်တင်ရေးအတွက် ဌာနဆိုင်ရာများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၆၈)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	“မဇ္ဈိမပဋိပဒါလမ်းစဉ်” တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
၆း၄၀	ကံကူထွန့်ခေါင်ပိတ်ချင်းမြောင်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၇၁)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်”(အပိုင်း-၁၃)**
၈း၅၀	“မဟာဂန္ဓာရုံကျောင်းတိုက်မှ အလှူဒါန” (အမရပူရမြို့)
၉း၀၅	ကေသီပန်ဦးလှမြင့်၏ဘဝ မှတ်တမ်းစာအုပ်မိတ်ဆက်ခြင်း အခမ်းအနား
၉း၂၀	Activities In The City
၉း၃၅	ဤကမ္ဘာမြေပေါ်တစ်လှည့်ဝယ် (ဆရာဦးအုန်းနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၀း၀၀	စိုက်ပျိုးအောင်မြင်. . . စပ်ခရမ်းချဉ်
၁၀း၁၅	ဇလွန်ရောကုမ္ပဏီလီမိတက်၏ အဆင့်မြင့်ဆန်စက်ဖွင့်ပွဲ အခမ်းအနားနှင့်တောင်သူများ အားစိုက်ပျိုးစရိတ်နှင့် သွင်းအားစု ပေးအပ်ပွဲအခမ်းအနား
၁၀း၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၀၅	The Champion of Dance
၁၁း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	ရန်ကုန်မြင်ကွင်းကျယ်
၁၂း၃၅	IBTC မှ. . . မေတ္တာဝေ ပြည်သူတွေကျန်းမာစေ
၁း၀၀	“မဇ္ဈိမပဋိပဒါလမ်းစဉ်” တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Quiz Idol
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၇၁)**
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၁၃)**
၄း၅၅	ကောင်းခြင်းဝေဖြာဆံကေသာ. . .
၅း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ “ခုနစ်ထွေဇကေရီဗီဒီယိုရိုက်ကွင်း”
၅း၃၅	Myanmar Football Academy
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၇၂)**
၇း၀၅	Style ရှိမှ Star ဖြစ်မယ်
၈း၀၀	MRTV-4 သတင်း
၈း၃၀	အစားအစာသန့်ရှင်းလတ်ဆတ် ဘေးကင်းရေးနှင့် ၎င်း၏ဆက်စပ်မှုများ၊ ထိခိုက်မှုများ (ဒေါက်တာစိုးခိုင်)
၈း၄၀	စကားနပန်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၁၄)**
၁၀း၂၅	အားကစားမြင်ကွင်းစုံ
၁၀း၅၀	အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
၁၁း၀၀	အနုပညာမိုးကောင်းကင်
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၄၅	ဓာတ်ပုံထဲမှအမှတ်တရများ
၁၂း၁၅	ဂီတသရုပ်ပြခန်း
၁၂း၃၅	မန္တလာမြေမှ ရွှေမင်းသမီး
၁၂း၄၅	Box Office Movies
၁း၁၀	လှုပ်ရှားစုံစုံ မြန်မာ့သုခုမဇာတ်ခုံ
၁း၃၅	နွေမိုးဆောင်းဥတုသုံးမျိုး၏ လက်တွဲဖော်မွှန်
၁း၅၀	စက်မှုစီးပွားထုတ်ကုန်အား
၂း၁၅	Shooting Location
၂း၄၀	လီဆူးသဘာဝရိုးရာအလှ
၃း၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	Land of Flowers
၄း၄၅	ထူးထူးခြားခြား သစ်ခေါက်ပန်းချီကား
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် လည်းကောင်း၊ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဒေါက်တာသန်းထိုက်ဦးပါ ၁၆ ဦးတို့က လျှောက်ထားသည့် ပြည်သူ့ဒီမိုကရေစီပါတီ (People Democracy Party) တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇူလိုင် ၆ ရက်က တွံတေးမြို့နယ် အလယ်ချောင်း အထက(ခွဲ)၏ ကျောင်းဆိုင်းဘုတ်တင်ပွဲ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပိုးထူး၊ မိဘဆရာအသင်းနာယက ဦးတိုးသိန်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးမြတ်ဝေတိုးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ကြေးမုံ)

တောင်တရုတ်ပင်လယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အာဆီယံနှင့် တရုတ်နိုင်ငံ လမ်းညွှန်ချက်မူဘောင်ချမှတ်

နူဆာဒူယာ(အင်ဒိုနီးရှား) ဇူလိုင် ၂၀

တောင်တရုတ်ပင်လယ်အတွင်းရှိ ပိုင်နက်နယ်မြေအငြင်းပွားလျက်ရှိသော ကျွန်းစုများတည်ရှိရာဒေသတွင် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရေးဆိုင်ရာလမ်းညွှန်ချက်မူဘောင်သစ်နှင့်ပတ်သက်၍ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် တရုတ်နိုင်ငံတို့ သဘောတူညီချက်ရရှိကြကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ အာဆီယံနှင့် တရုတ် အထက်တန်းတာဝန်ရှိသူများ၏အစည်းအဝေးကို ဇူလိုင် ၁၉ ရက်က ကျင်းပခဲ့ရာတွင် အထက်ပါအတိုင်း သဘောတူညီမှုရရှိခြင်း ဖြစ်သည်။

အာဆီယံ-တရုတ် ဝန်ကြီးအဆင့်အစည်းအဝေးကို ဇူလိုင် ၂၁ ရက်တွင် မကျင်းပမီ ဒေသဆိုင်ရာ အထက်တန်းတာဝန်ရှိသူများက တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တောင်တရုတ်ပင်လယ်အတွင်းရှိ သယံဇာတပေါကြွယ်သောဒေသကို သူပိုင် ကိုယ်ပိုင် အငြင်းပွားနေကြခြင်းနှင့် ပတ်သက်၍ ဖြေရှင်းနိုင်ရန် ကြိုးပမ်းရာတွင် အောင်မြင်မှုခြေလှမ်းတစ်လှမ်း လှမ်းနိုင်ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန အထက်တန်းတာဝန်ရှိသူ ဖန်ကျန်ဗင်းက ပြောကြားသည်။

ဒေသတွင်း၌တည်ငြိမ်မှုရရှိစေရန်နှင့်အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ရန် အပြုသဘောဆောင်သည့် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

တောင်တရုတ်ပင်လယ်အတွင်း ပူးပေါင်းဆောင်ရွက်ရေး လမ်းညွှန်ချက်မူဘောင်စာတမ်းသည် အနာဂတ် ကာလတွင် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန် အခြေခံဖြစ်ကြောင်းတရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနလက်ထောက်ဝန်ကြီး လျူကျန်မင်းက ပြောကြားသည်။

အင်တာနက်။

အာဖဂန်အရှေ့ပိုင်း ပြည်နယ်မြို့တော်ကို နေတိုးတပ်ဖွဲ့က အာဖဂန်တပ်ဖွဲ့များထံလွှဲအပ်

မီတာလမ်(အာဖဂန်နစ္စတန်) ဇူလိုင် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ ပြည်နယ်တစ်ခု၏ လုံခြုံရေးဆိုင်ရာ တာဝန်ဝတ္တရားများကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ဦးဆောင်သော တပ်ပေါင်းစုက အာဖဂန်တပ်ဖွဲ့များထံ ဇူလိုင် ၁၉ရက်တွင် လွှဲပြောင်းပေးအပ်လိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းရှိ ပထန်လက်ဂမန်းပြည်နယ်၏မြို့တော် မီတာလမ်ကို အာဖဂန်တပ်ဖွဲ့များထံ လွှဲပြောင်းပေးအပ်လိုက်ခြင်းသည် ၂၀၁၄ ခုနှစ်ထက် နောက်မကျဘဲ အာဖဂန်နစ္စတန်နိုင်ငံတစ်နိုင်ငံလုံး၏ လုံခြုံရေးတာဝန်ကို အာဖဂန်တပ်ဖွဲ့များထံ လွှဲပြောင်းပေးအပ်မည့် အစီအစဉ်တစ်စိတ်တစ်ဒေသအရဖြစ်ကြောင်း နေတိုးတပ်ဖွဲ့၏ ဒုတိယတပ်မှူးကြီး ဗိုလ်ချုပ်ကြီး ဂျိမ်းစ်ဘတ်နောက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်နှင့် အခြားသော ပြည်ပတပ်ဖွဲ့များအားလုံးကို ၂၀၁၄ ခုနှစ် နောက်ဆုံးထား၍ အပြီးရုပ်သိမ်းမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

အမေရိကန်အလယ်ပိုင်းပြည်နယ်များ၌ အပူလှိုင်းကျရောက်မှု စံချိန်တင်ဖြစ်ပေါ်

ဝါရှင်တန် ဇူလိုင် ၂၀

အမေရိကန်နိုင်ငံ၌ အပူချိန်ပြင်းထန်စွာ မြင့်တက်နေမှုကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်နိုင်ကြောင်း၊ အမေရိကန်နိုင်ငံရှိ ပြည်နယ်ပေါင်း ၁၈ ပြည်နယ်တွင် စံချိန်တင်အပူလှိုင်းကျရောက်မှု ဖြစ်ပေါ်လျက်ရှိကြောင်း မိုးလေဝသဗျူရိုက ဇူလိုင် ၂၀ရက်တွင် သတိပေးလိုက်သည်။

အမေရိကန်နိုင်ငံ အလယ်ပိုင်း၌ အပူလှိုင်းကျရောက်မှုမှာ ဇူလိုင် ၁၈ရက်မှစ၍ ပိုမိုအင်အားပြင်းထန်လာခဲ့ပြီး လေအေးပေးစက် ပြည့်စုံမှုမရှိသော အစိုးရရုံးအဆောက်အအုံများကို ပိတ်ထားလိုက်ရကြောင်း၊ ဒေသခံပြည်သူများအား ကျန်းမာရေးဆိုင်ရာ သတိပေးချက်ထုတ်ပြန်ထားကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်း ပြည်နယ်များ၌ လွန်ခဲ့သည့်ရက်သတ္တပတ်က အပူဒဏ်ပြင်းထန်မှုကြောင့် လူ ၁၃ ဦးသေဆုံးခဲ့ရသည်။

အပူလှိုင်းဖြတ်သန်းရာပြည်နယ်များ၌ အပူချိန် ၁၁၀ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ခဲ့သည်။

အမေရိကန်ပြည်နယ်များ၌ အပူချိန်ပြင်းထန်မှု ထူးထူးခြားခြားဖြစ်ပေါ်နေကြောင်း၊ နိုင်ငံအနောက်တောင်ပိုင်း ပြည်နယ်များ၌ မကြာသေးမီရက်သတ္တပတ်များအတွင်း မိုးခေါင်သည့်ဒဏ်ကို တွေ့ကြုံခံစားခဲ့ရကြောင်း မိုးလေဝသဗျူရို ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ရိုက်တာ။**

အမေရိကန်နိုင်ငံ အိုကလာဟိုးမားမြို့၌ အပူချိန်မြင့်တက်မှုကို အန်တုကာ ခရီးသွားလာနေသော ပြည်သူများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖရိက ဦးချိုဒေသ၌ မိုးခေါင်ရေရှားကပ်ဘေး၏ နောက်ဆက်တွဲ အငတ်ဘေး ဆိုက်ရောက် မှုကြောင့် အာဟာရ ပြတ်လပ်လျက်ရှိသော ဆိုမာလီကလေး တစ်ဦး။

ဆိုမာလီတောင်ပိုင်းဒေသနှစ်ခု အငတ်ဘေးဆိုက်ဒေသများအဖြစ် ကုလကြေညာ

နိုင်ရိုဘီ ဇူလိုင် ၂၀

နှစ် ၅၀ ကျော်ကာလအတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားကပ်ဘေးနှင့် ရင်ဆိုင်နေရသည့် ဆိုမာလီယာတောင်ပိုင်းရှိ ဒေသနှစ်ခုကို အငတ်ဘေးကျရောက်ရာ ဒေသများအဖြစ် ကုလသမဂ္ဂက ကြေညာလိုက်ပြီဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ သတင်းများတွင် ဖော်ပြသည်။

ပျမ်းမျှအားဖြင့် လူ ၁၀၀၀၀ တွင် ကလေးလေးဦး သို့မဟုတ် အရွယ်ရောက်သူနှစ်ဦး အစာရေစာ ငတ်မွတ်မှုကြောင့် နေ့စဉ် သေဆုံးနေရလျှင်၊ ကလေးသုံးပုံတစ်ပုံ အာဟာရပြတ်လပ်မှုနှင့် ကြုံနေရလျှင် အငတ်ဘေးဆိုက်ရောက်မှုအဖြစ် အဓိပ္ပာယ်သတ်မှတ်နိုင်သည်။

ဆိုမာလီယာတောင်ပိုင်းဒေသရှိ လူဦးရေ ၃ ဒသမ ၇ သန်းတို့သည် မိုးခေါင်မှုဘေး၏ နောက်ဆက်တွဲ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေကြရသည်။

လက်ရှိအခြေအနေကို အလျင်အမြန် တုံ့ပြန်နိုင်ခြင်းမရှိပါက ဆိုမာလီယာတောင်ပိုင်းရှိ ဒေသရှစ်ခုလုံးသို့ အငတ်ဘေးဆိုက်ရောက်မှု ကူးစက်ပျံ့နှံ့သွားနိုင်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆိုမာလီယာအငတ်ဘေးပြဿနာကို ဖြေရှင်းရန်အတွက် ကုလသမဂ္ဂအနေဖြင့် လာမည့်နှစ်လအတွင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ လိုအပ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဆိုမာလီယာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော ဂျီဘူတီ၊ အီသီယိုးပီးယားနှင့် ကင်ညာနိုင်ငံများသည်လည်း မိုးခေါင်ရေရှားဒဏ်ကို ဆိုးရွားစွာခံစားနေရကြောင်း သိရသည်။

အင်တာနက်။

အကြမ်းဖက်ဝါဒ တိုက်ဖျက်မှု စစ်ဆင်ရေးများတွင် အမေရိကန်ပြည်ထောင်စုက အဓိကထား အသုံးပြုလျက်ရှိသော မောင်းသူမဲ့လေယာဉ်တစ်စင်း။

အစ္စလာမ္မာဘတ် ဇူလိုင် ၂၀

လူရာပေါင်းများစွာ သေဆုံးခဲ့ရသော မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုများကို သဘောတူခွင့်ပြုခဲ့သည့် အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ)၏ ဥပဒေရေးရာအကြံပေးဟောင်းတစ်ဦးအား ပါကစ္စတန်လူမျိုးစုဒေသမှ ပြည်သူသုံးဦးတို့က တိုင်ချက်ဖွင့်တရားစွဲဆိုထားကြောင်း ဇူလိုင် ၁၈ ရက် သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ လူမျိုးစုဒေသမှပြည်သူများ၏ တိုင်ချက်၌ ဂျွန်အေရစ်ဇ်ဇို ဆိုသူသည် ၂၀၀၉ ခုနှစ် ဇွန် ၂၅ ရက်ထိတိုင် စီအိုင်အေအဖွဲ့၏ အထွေထွေအကြံပေးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ကြောင်း ထောက်ပြထားသည်။

မောင်းသူမဲ့လေယာဉ်များသုံး၍ စီအိုင်အေအဖွဲ့က ပါကစ္စတန်နိုင်ငံ၌ လစဉ်သတ်ဖြတ်သုတ်သင်ရမည့်သူများစာရင်းကို သဘောတူခွင့်ပြုရေးသည် ဂျွန်အေရစ်ဇ်ဇို၏ တာဝန်တစ်ရပ်ဖြစ်ကြောင်း တရားလိုများဘက်မှ လိုက်ပါဆောင်ရွက်သူ ရှေ့နေတစ်ဦးက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏ အကြမ်းဖက်ဝါဒတိုက်ဖျက်မှု စစ်ဆင်ရေးများ၌ ဒုံးကျည်လက်နက်များ တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်များသည် အလွန်အရေးပါသောအခန်းကဏ္ဍ၌ ပါဝင်နေသည်။

မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကို အယ်လ်ခိုင်ဒါနှင့် တာလီဘန်အပါအဝင် စစ်သွေးကြွများအား ပစ်မှတ်ထား လုပ်ဆောင်နေခြင်းဖြစ်သော်လည်း ယင်းသို့သော တိုက်ခိုက်မှုများအတွင်း အရပ်သားအများအပြား မြေစာပင်ဖြစ်ခဲ့ရကြောင်း လူ့အခွင့်အရေးအုပ်စုများက ပြောကြားသည်။

တိုင်ချက်အဖွင့်ခံထားရသူ ရစ်ဇ်ဇိုက ၎င်းသည် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုများကို သဘောတူခွင့်ပြုခဲ့ကြောင်း ယခုနှစ်အတွင်း နယူးစ်ဝိခ်မဂ္ဂဇင်းနှင့် တွေ့ဆုံမေးမြန်းခန်းပြုလုပ်ရာတွင် ဝန်ခံခဲ့သည်။ **အင်တာနက်။**

ဩစတြေးလျအမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၀ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၆၅၈၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၈၀၁၁၂ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၅၈၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၈၀၁၁၂ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇူလိုင် ၂၀

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇူလိုင် ၂၀ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၄၁၀၄ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၇၃၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၄၁၀၄ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၇၃၈ ဦး

အင်တာနက်။

နျူကလီးယားစွန့်ပစ်ပစ္စည်းဆိုင်ရာ စည်းမျဉ်းဥပဒေများ အီးယူတင်းကျပ်

ဘရပ်ဆဲလ် ဇူလိုင် ၂၀

နျူကလီးယားစွန့်ပစ်ပစ္စည်းများ နေရာချထားသိုလှောင်ရေးနှင့် ပတ်သက်၍ တင်းကျပ်သော စည်းမျဉ်းဥပဒေများ ချမှတ်ကျင့်သုံးသွားရန် ဥရောပသမဂ္ဂအဖွဲ့ (အီးယူ)က သဘောတူခဲ့ကြောင်း ဗုဒ္ဓဟူးနေ့ သတင်းများတွင် ဖော်ပြသည်။

ဥရောပတိုက်လုံးဆိုင်ရာ စီမံကိန်းသစ်အရ ၂၀၁၅ ခုနှစ်မှစ၍ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ နျူကလီးယားဓာတ်ပေါင်းဖို ၁၅၀ မှ ထွက်ရှိမည့် နျူကလီးယားစွန့်ပစ်ပစ္စည်းများကို လုံခြုံသော မြေအောက်ဘန်ကာများ၌ ထားရှိသွားမည်ဖြစ်သည်။

ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများအား အခြားနိုင်ငံများသို့ တင်ပို့စွန့်ပစ်မှုကို ပိုမိုတင်းကျပ်သောစည်းမျဉ်းများဖြင့် ဆက်လက်လုပ်ဆောင်ခွင့် ပြုထားဦးမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းများလက်ခံမည့်နိုင်ငံများကလည်း နက်ရှိုင်းသော မြေအောက်သိုလှောင်ရုံများ ထားရှိသဘောတူရမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ၏ စီမံချက်သစ်တွင် ပါရှိသည်။

သို့ရာတွင် နျူကလီးယားစွန့်ပစ်ပစ္စည်းများ ထုတ်လုပ်သောနိုင်ငံများက ယင်းစွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ကိုယ်တိုင်ကိုယ်ကျ ဖြေရှင်းခြင်းမရှိသည်မှာ ပြဿနာတစ်ရပ်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများက ဝေဖန်ခဲ့ကြသည်။

နျူကလီးယားစွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်အတွက် ဘေးထွက်ဆိုးကျိုးများဖြစ်ခြင်းကြောင့် ယင်းစွန့်ပစ်ပစ္စည်းများပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးသည် အလွန်သိမ်မွေ့သည့် ကိစ္စဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒီများက ပြောကြားသည်။ **အင်တာနက်။**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၅၀ စိုက်ကွင်း၌ မြို့နယ်မန်နေဂျာများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖြန့်ဖြူးပေး အထွက်နှုန်းကောင်းမွန်ရေး ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး စိုက်ပျိုးရေးနှင့် မွေးမြူရေး ပေါင်းစည်းလယ်ယာ ဧက ၅၀ စိုက်ကွင်းအတွင်း၌ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးရေးစနစ်များ (Good Agriculture Practice) ဆွေးနွေးပွဲ အပတ်စဉ်(၄)သို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြို့နယ်မန်နေဂျာ ၉၀ အား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအနက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအနေဖြင့် အထူးအထွက်တိုး မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်၊ စိုက်ပျိုးသီးနှံများအလိုက် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်ရေးအတွက် ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ဒေသ၊ ရေမြေ၊ ရာသီဉတုနှင့်ကိုက်ညီစွာ လေ့ကျင့်ပညာပေးရေး တာဝန်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ အရည်အသွေးကောင်းမွန်သည့် အထူးအထွက်တိုးမျိုးစေ့များ ထုတ်လုပ်ရေးနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို စဉ်ဆက်မပြတ် သုတေသနပြုလုပ်ခြင်းနှင့် တောင်သူလယ်သမားများ လက်ခံယုံကြည် ကျင့်သုံးလာသည်အထိ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအုန်းသန်းနှင့် ဦးခင်ဇော်တို့က မြို့နယ်မန်နေဂျာများအနေဖြင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်သွားရမည့် အချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးမောင် တို့သည် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့မှ တောင်သူလယ်သမားများအား တွေ့ဆုံ အမှာစကားပြောကြားကြပြီး ဒုတိယဝန်ကြီးများနှင့်အတူ လေ့လာရေးအဖွဲ့ဝင်များ၊ သိပ္ပံနည်းကျ စိုက်ပျိုးရေးစနစ်များ ဆွေးနွေးပွဲ အပတ်စဉ်(၄)သို့ တက်ရောက်လာကြသူများ၏ တစ်ဧကစပါး တင်း ၂၀၀ အထက်ထွက်ရှိမည့် သိပ္ပံနည်းကျ အထူးအထွက်တိုး စပါးစိုက်ခင်း၊ တစ်ဧက တန် ၆၀ အထက် ထွက်ရှိမည့် ကြံစိုက်ခင်းနှင့် စပ်မျိုးနေကြာစိုက်ခင်း ကြည့်ရှုလေ့လာနေမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် တပ်ကုန်းမြို့ရှိ စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိပြီး ရေဆင်းစပ်မျိုးနေကြာ-၁ မျိုးရရှိရေးအတွက် မျိုးစပ်ထုတ်လုပ်နေမှုစိုက်ခင်းနှင့် စပ်မျိုးပြောင်းများ မျိုးစပ်ပွားနေသည့် စိုက်ခင်းတို့ကို ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများထံ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၁၀	၂။ နံနက်ခင်းသတင်း
၇း၄၀	၃။ မြတ်ဂုဏ်တော်သခင်(သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀	၄။ သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၅။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀	၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၅	၇။ အကပဒေသာ
၈း၃၀	၈။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
၈း၄၀	၉။ International News
၈း၄၅	၁၀။ တေးဂီတအစီအစဉ်
၉း၀၀	၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ တေးဂီတအစီအစဉ်
၄း၂၀	၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၃၀	၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (ရူပဗေဒ)
၄း၄၅	၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၆။ "ဇမ္ဗူဒီပါမှာ ထွန်းတဲ့ကျွန်း"
၅း၁၀	၇။ ရောင်စုံရေးသီ တေးပန်းချီ
၅း၄၅	၈။ သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်
၆း၀၀	၉။ ညနေခင်းသတင်း
၆း၁၅	၁၀။ မိုးလေဝသအခြေအနေ
၆း၂၀	၁၁။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၅၉)**
၆း၄၅	၁၂။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀	၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံကြံဖန်ဖန်အမွေဆိုင်" (အပိုင်း-၁၁)**
၈း၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံတကာသတင်းများ
	၁၆။ မိုးလေဝသအခြေအနေ
	၁၇။ **"အစာလည်းဆေး ဆေးလည်းအစာ"**
	၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး" (အပိုင်း-၁၅)**
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၇၈)**
	၂၀။ အစီအစဉ်ပြီး၏။

သမဝါယမ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ငွေကြေးအထောက်အပံ့လိုအပ် ပုဂ္ဂလိကငွေစုငွေချေးအသင်းများ ပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဒေါက်တာစိန်လှဗိုလ်၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာ၌ တောင်သူလယ်သမားများ၊ နှစ်ရှည်သီးနှံ စိုက်ပျိုးသူများ၊ လယ်ယာကုန်ထုတ်သမဝါယမအသင်းဝင်များ၊ သမဝါယမလုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ ငွေစုငွေချေးအသင်းနှင့် လုပ်ငန်းအလိုက် အစုအဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်နေမှု၊ လယ်ယာနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးရာတွင် တွက်ခြေကိုက်ရန်အတွက် စိုက်ပျိုးစရိတ် လျော့နည်းအောင်ဆောင်ရွက်ခြင်း၊ မွေးမြူရေးကို တစ်နိုင်တစ်ပိုင်မှ တစ်အုပ်တစ်မစီးပွားဖြစ် တိုးတက်မွေးမြူခြင်းဖြင့် အပိုဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်မည့် အခြေအနေ၊ စိုက်ပျိုးထွက်ရှိသည့် သီးနှံများကို တာရှည်ခံပြီး အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကူညီပေးနိုင်မည့် အခြေအနေနှင့် လုပ်ငန်းအမျိုးအစားအလိုက် အစုအဖွဲ့များ၏ ငွေကြေးအရင်းအနှီး လိုအပ်ချက်များ ဖြည့်ဆည်းပေးမည့် အသေးစားချေးငွေလုပ်ငန်း ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ငွေကြေးအထောက်အပံ့ လိုအပ်ကြောင်း၊ ငွေကြေးအထောက်အပံ့အတွက် အစိုးရက တစ်နိုင်ငံလုံးသို့ အစစတာဝန်ယူထောက်ပံ့ပေးနိုင်ရေးထက် ပုဂ္ဂလိကငွေစုငွေချေးအသင်းများကို လုပ်ငန်းရှင်များအားစည်းရုံး၍ ထူထောင်ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ငွေစုငွေချေးအသင်းသည် အဓိကကျသောကြောင့် ပုဂ္ဂလိကငွေစုငွေချေးအသင်းများ ပေါ်ပေါက်လာစေရန် မိမိနှင့်နီးစပ်ရာတွင် ဝိုင်းဝန်းစည်းရုံး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ရှိ သမဝါယမဘဏ်၌ ပြည်သူများ၏ ငွေထုတ်၊ ငွေသွင်းနှင့် ငွေလွှဲပေးပို့မှုများအား E- banking စနစ်ဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းတို့နှင့်အတူ လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများ၊ သမဝါယမအသင်းသားများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် လှိုင်းဘွဲ့မြို့နယ်ခန်းမ၌ မြို့နယ်သမဝါယမအသင်းစုနှင့် ဈေးသမဝါယမ အသင်းဝင်များ၊ မြို့ပေါ်ရှိ လက်လုပ်လက်စားအလုပ်သမားများနှင့် လည်းကောင်း၊ ထီလုံကျေးရွာ စစ်မှုထမ်းဟောင်းရပ်ကွက်ရှိ စစ်မှုထမ်းဟောင်းများနှင့် လည်းကောင်း တွေ့ဆုံပြီး လုပ်ငန်းတူအစုအဖွဲ့များ ဖွဲ့စည်း၍ အရင်းအနှီးငွေကြေးနှင့် နည်းပညာ အကူအညီပေးနိုင်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ညပိုင်းတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၌ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပြည်နယ်အတွင်း မြစိမ်းရောင်လယ်ယာကုန်ထုတ်နှင့် လက်လုပ်လက်စားများ၊ ငွေစုငွေချေးအသင်းများ မြို့နယ်ခုနစ်မြို့နယ်၌ ဖွဲ့စည်းရေး၊ အခြားသော ငွေစုငွေချေး သမဝါယမအသင်း၊ စံပြဈေး သမဝါယမအသင်းကြီးများ၊ မျိုးတူစု သမဝါယမအသင်းများ ဖွဲ့စည်းရေးတို့ကို ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၌ အစိုးရသစ် တာဝန်ယူချိန်မှစ၍ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ကာကွယ်ရေးဆောင်ရွက်မည့် အခြေအနေများကို ချပြခဲ့ပြီးဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်း(၈)ရပ်အနက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်၌ သမဝါယမဝန်ကြီးဌာနက စည်းရုံးဖွဲ့စည်းခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ ထိန်းကျောင်းတည့်မတ်ပေးခြင်း၊ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကိုလည်း အထောက်အကူပြု ကူညီပံ့ပိုးသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘားအံမြို့ရှိ အခြေခံရက်ကန်းသင်တန်းကျောင်း၊ ပြည်နယ်နှင့် မြို့နယ်သမဝါယမ ဦးစီးဌာနရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် သင်တန်းသားများအားတွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို စီမံဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

နိုင်ငံတော် ပရိယတ္တိသာသနတက္ကသိုလ်မှ သံဃာတော်အပါး ၅၀၀ တို့အား မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ကြီးမှူး၍ သတ္တမအကြိမ်မြောက် ဝါဆိုဦး စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် စုပေါင်း ပါဝင်ကုသိုလ်ပြုလိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ကျော်နိုင် ဖုန်း-၀၉-၅၁၅၇၈၂၇ နှင့် အတွင်းရေးမှူး ဦးလှရွှေ ဖုန်း-၀၉-၅၀၀၆၃၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အမှတ်(၃) ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင်နှင့်အဖွဲ့ ဇူလိုင် ၂၀ ရက်က အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဟောပြောစဉ်။ (ကြေးမုံ)

ဂရုပြုဆင်ခြင်စရာ သွေးတိုးရောဂါ

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

ယခုအခါ ကမ္ဘာတစ်ဝန်း ဖြစ်ပွားမှုအများဆုံးရောဂါများစာရင်းနှင့် လူသိလည်းများသော ရောဂါများတွင် "သွေးတိုးရောဂါ" သည် တစ်ခုအပါအဝင်ဖြစ်သည်။ သွေးတိုးရောဂါသည် အချိန်အခါ၊ အရပ်ဒေသ၊ ဆင်းရဲချမ်းသာ လူတန်းစားမရွေး ဖြစ်ပွားနိုင်ပြီး ဖြစ်ပွားလာပါက နောက်ဆက်တွဲရောဂါများဖြစ်သော လေသင်တုန်းဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းနှင့် နှလုံးသွေးကြောပိတ်ခြင်း၊ နှလုံးနှင့် ကျောက်ကပ်စွမ်းဆောင်မှုအားနည်းခြင်းတို့ကို ဖြစ်ပွားစေ၍ အသက်အန္တရာယ်ကိုပါ စိုးရိမ်ရသဖြင့် "အသက်နှင့် နီးသောရောဂါ" ဟုလည်းကောင်း၊ ရောဂါဖြစ်ခါစကာလတွင် သိသာသောလက္ခဏာမပြဘဲ သွေးပေါင်ချိန်ကို စနစ်တကျတိုင်းတာစစ်ဆေးပြီးမှ သိရှိနိုင်သည့်အတွက် "အသံတိတ်လူသတ်သမား (Silent Killer)"ဟု လည်းကောင်း ခေါ်ဝေါ်လေ့ရှိကြသည်။ ယင်းသွေးတိုးရောဂါနှင့်စပ်လျဉ်း၍ အရှေ့တိုင်း၊ အနောက်တိုင်း ဆေးပညာနှစ်ရပ်စလုံးမှ ပညာရှင်ကြီးများရေးသားပြုစုခဲ့ကြသည့် စာအုပ်စာတမ်းများ၊ သုတေသနစာတမ်းများမှ ပြည်သူများယေဘုယျသိရှိနားလည် ဆောင်ရွက်နိုင်မည့် အကြောင်းအရာများကို ထုတ်နုတ်လျက် ပြည်သူတစ်ဦးချင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အဖြစ် အထောက်အကူပြုနိုင်ရန် ရေးသားတင်ပြမည် ဖြစ်ပါသည်။

သွေးတိုးရောဂါဆိုသည်မှာ (တိုင်းရင်းဆေးပညာ ရှုထောင့်အရ ဖွင့်ဆိုပါလျှင်) ခန္ဓာကိုယ်အတွင်း သွေးများတိုးပွားလာခြင်းမဟုတ်ဘဲ ဝါယောဓာတ်ဟူသော ဖွဲ့စည်း၊ ဖုံးပိတ်၊ ပတ်ဖွဲ့၊ ယိုစီးသက်လျောသည့် သဘာဝရှိသော သွေးကို တစ်နေရာမှ တစ်နေရာသို့ ပြောင်းခြင်း၊ ရွှေ့ခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးသို့ ပျံ့နှံ့အောင် လှည့်ပတ်စေရာတွင် ပူ၊ ဆိမ့်၊ ဖန် အစာများစားသောက်မှုများသည့်အတွက် ပူတက်ပိတ်ပြီး လေညှပ်၍ တိုးတိုက်ရသော ရောဂါနှင့် အေး၊ ချို၊ ဆိမ့်၊ ဖန် အစာများ စားသောက်မှုများသည့်အတွက် အေးသက်ပိတ်ပြီး လေအားနည်းကာ အပိတ်အဆို့ခံ မတိုးနိုင်/တိုးနိုင် တရွှေ့ရွှေ့ ရွှေ့လျားနေသည့် လေအနေဖြင့် ကုပ်ဆက်ဦးခေါင်းတို့ကိုပင် မထမ်းနိုင်ဘဲ လေးနေသည့်ရောဂါတို့ကို သွေးတိုးရောဂါဟု ဖွင့်ဆိုပါသည်။ တစ်နည်းဆိုသော် ဝါယောဓာတ်အထက်ဆောင်၍ အာပေါဓာတ်ခိုက်ခြင်းကို ဖြစ်ပေါ်စေသည့် လေတိုးရောဂါ ဝါယောဓာတ်ဆောင်ရောဂါပင်ဖြစ်သည်။ (အနောက်တိုင်းဆေးပညာအရ ဖွင့်ဆိုပါလျှင်) သွေးတိုးရောဂါဆိုသည်မှာ အသက်အရွယ်အလိုက် မိမိတွင်ရှိသင့်သော သွေးပေါင်ချိန်ထက် ပိုမိုများနေခြင်း၊ ယေဘုယျအားဖြင့် အပေါ်သွေး (စည်းချက်မှန်မှန်ခုန်နေသော နှလုံးကြွက်သားညှစ်နေစဉ် ဖြစ်ပေါ်သော သွေးဖိအား) ၁၄၀ မီလီမီတာ ပြဒါးချိန်အောက်နှင့် အောက်သွေး (စည်းချက်မှန်မှန် ခုန်နေသော နှလုံးကြွက်သားဖြေလျှော့နေစဉ်ဖြစ်ပေါ်သော သွေးဖိအား) ၉၀ မီလီမီတာ ပြဒါးချိန်အောက်ရှိနေခြင်းသည် ရှိသင့်သောသွေးပေါင်ချိန်ဖြစ်ပြီး ယင်းသွေးပေါင်ချိန်ထက် ပိုလာလျှင် သွေးတိုးရောဂါရှိသည်ဟု ဖွင့်ဆိုပါသည်။

သွေးတိုးရောဂါဖြစ်ပွားရခြင်း အကြောင်းအရင်းများနှင့် စပ်လျဉ်း၍ တိုင်းရင်းဆေးပညာရှုထောင့်အရ တင်ပြရလျှင် အအေးလွန်ကဲသောနေရာတွင် အချိန်ကြာမြင့်စွာနေထိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပြီး ငြိမ်သက်အေးချမ်းစွာနေတတ်ခြင်း၊ အမြဲတမ်းစိတ်သောက စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မိမိစိတ်ကို ချုပ်တည်းတုပ်နှောင်မှုများခြင်း၊ သွေးကြောကို ပိတ်ဆို့စေသည့် အဆီအဆိမ့်စာများ စားသောက်မှုလွန်ကဲခြင်း၊ အချိန်အခါမရွေး ရေချိုးလေ့ရှိခြင်း၊ အအိပ်အနေများခြင်း၊ ပူပြင်းသော ရာသီဥတုတွင် အချိန်ကြာမြင့်စွာရေချိုးခြင်း၊ အအေးခံလွန်းခြင်း၊ အငန်အရသာနှင့် ဆားဓာတ်များလွန်ကဲသည့် ငါးပိ၊ ငါးခြောက်၊ ငါးပိကောင်၊ ငံပြာရည် စသည့် အစားအစာများ လွန်ကဲစွာစားသောက်ခြင်း၊ ခန္ဓာကိုယ်ဝဖြိုးမှုလွန်ကဲခြင်း၊ ဆေးလိပ်သောက်ခြင်း စသည်တို့ကြောင့်ဖြစ်ပြီး အနောက်တိုင်းဆေးပညာရှုထောင့်အရ တင်ပြရလျှင် အသက်အရွယ်ကြီးရင့်လာခြင်း၊ ခန္ဓာကိုယ်ဝဖြိုးခြင်း၊ အဆီအအိမ့်ကိုယ်လက်စထရောများသော အစားအစာများ လွန်ကဲစွာစားသုံးခြင်း၊ သွေးတိုးရောဂါ ဖြစ်ပွားသူမျိုးရိုးရှိခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ကိုယ်စိတ်ဖိစီးမှုများခြင်း၊ ကျောက်ကပ်ရောဂါရှိခြင်း၊ ပြွန်မဲ့ဂလင်းရောဂါများ ဖြစ်ပွားခြင်း၊ မွေးရာပါနှလုံးရောဂါရှိခြင်း၊ ကိုယ်ဝန်ဆိပ်တက်ခြင်း၊ သွေးချို၊ ဆီးချို ရောဂါရှိခြင်း၊ အရက်အလွန်အကျွံ သောက်ခြင်း၊ သွေးထဲတွင် အဆီများလွန်ကဲစွာရှိခြင်း၊ ပဋိသန္ဓေတားဆေးများ စားသုံးခြင်း စသည်တို့ကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးတိုးရောဂါအမျိုးအစားများ၊ လက္ခဏာရပ်များ၊ စားသုံးရန်ဆေးများကို တိုင်းရင်းဆေးဖြင့် တစ်ပိုင်တစ်နိုင် မိသားစုပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတစ်ရပ်အဖြစ် တင်ပြပါမည်။

သွေးတိုးရောဂါအမျိုးအစားများမှာ အနောက်တိုင်းဆေးပညာ ရှုထောင့်အနေဖြင့် သွေးတိုးရောဂါဖြစ်ပွားရခြင်း အကြောင်းအရင်းများတွင် ပါဝင်သော အချက်များပင်ဖြစ်ပြီး တိုင်းရင်းဆေးပညာရှုထောင့်အနေဖြင့် အအေး သွေးတိုးနှင့် အပူသွေးတိုးဟူ၍ နှစ်မျိုးရှိပါသည်။

အအေးသွေးတိုး ဟူသည် ရုပ်ခန္ဓာဝဖြိုးသူများ၌ ဖြစ်ပွားပြီး အများအားဖြင့် အအေးအကြောင်းခံလျက် လေအေးတက်၍ သွေးအေးပါတက်ခြင်းကြောင့် အအေးတက်ရောဂါဖြစ်ပါသည်။

အပူသွေးတိုး ဟူသည် ရုပ်ခန္ဓာပိန်ချုံးသူများ၌ ဖြစ်ပွားပြီး အပူအကြောင်းခံလျက် လေပူတက်၍ သွေးပါပူပြီးတက်ခြင်းကြောင့် အပူတက်ရောဂါ ဖြစ်ပါသည်။

အအေးသွေးတိုး၏ လက္ခဏာရပ်များမှာ ရုပ်လေးလံထိုင်းမှိုင်းခြင်း၊ ဆီးကြည်၊ ဆီးများခြင်း၊ ရင်မပူ၊ ရေမငတ်ခြင်း၊ ချွေးမထွက်ခြင်း၊ ချွေးထွက်ပါက ချွေးနည်းခြင်း၊ အိပ်ပျော်မှုများခြင်း၊ ခြေဖျားလက်ဖျားနွေးခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်း၊ စားကောင်းခြင်း၊ ဝမ်းချုပ်ခြင်း၊ သွေးလုံးကြီးခြင်း၊ ဇက်ကြောတက်ခြင်း၊ ဇက်လေးခြင်း၊ မျက်စိမျက်တောင်လေးခြင်း၊ မူးဝေခြင်း စသည်တို့ဖြစ်ပါသည်။

အပူသွေးတိုး၏ လက္ခဏာရပ်များမှာ ဆီးနည်း၊ ဆီးဝါခြင်း၊ ဝမ်းချုပ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောထိုး၊ ဇက်ကြောတက်ခြင်း၊ မူးဝေခြင်း၊ မျက်ရိုးကိုက်ခြင်း၊ ခြေဖဝါးလက်ဖဝါးနီခြင်း၊ ရုပ်ပေါ့ပါးခြင်း၊ ခြေဖျားလက်ဖျား အေးခြင်း၊ ရင်ပူ၊ ရေငတ်ခြင်း၊ ခန္ဓာကိုယ်အပေါ်ပိုင်း ချွေးထွက်ခြင်း၊ စားကောင်း အိပ်ပျော်ခြင်း စသည်တို့ဖြစ်ပါသည်။

အအေးသွေးတိုးအတွက် စားသုံးရန်ဆေး အအေးသွေးတိုးရောဂါအတွက် **ပထမဆေး** အဖြစ် နန္ဒင်းခါးမှုန့် ည/နံနက် နှစ်ပဲသားခန့် ရေနွေးနှင့် သုံးရက်သောက်ရပါမည်။ **ဒုတိယဆေး** အဖြစ် သက်ရင်းရွက်အစို ငါးကျပ်သားကို ရေ ၂၄ အောင်စဝင် ပုလင်းဖြင့် တစ်ဝက်ပမာဏ ခန်းအောင်ပြုတ်ပြီး ကျန် ၁၂ အောင်စရေကို နံနက်/ည သုံးရက် သောက်ရပါမည်။ **တတိယဆေး** အဖြစ် မြင်းခွာရွက် သုံးကျပ်သားသတ္တုရည်ကို နှစ်ခွက်စာပြုတ်၍ ည/နံနက် သုံးရက် သောက်ရပါမည်။

ဆေးသောက်ရန် အသေးစိတ်အစီအစဉ်များမှာ ရောဂါနုလျှင် **ပထမဆေး**ကို သုံးရက်သောက်ပါက သွေးပေါင်ချိန် ကျနိုင်ပါသည်။ ရောဂါအလတ်စား ဖြစ်၍ ပထမဆေးကို သုံးရက်သောက်ပြီးသည့်တိုင် သွေးပေါင်ချိန်မကျလျှင် **ဒုတိယဆေး**ကို ထပ်မံပြီး သုံးရက်သောက်ပါက သွေးပေါင်ချိန်ကျဆင်းပါမည်။

ရောဂါရင့်၍ ပထမဆေးနှင့် ဒုတိယဆေးများကို သောက်ပြီးသည့်တိုင် သွေးပေါင်ချိန်မကျလျှင် တတိယဆေးကို သောက်ရပါမည်။ တတိယဆေး သုံးရက်သောက်ပြီးလျှင် သွေးပေါင်ချိန်ကျဆင်းပါမည်။

ပထမ၊ ဒုတိယ၊ တတိယ ဆေးသုံးမျိုးစလုံးသုံးရက်စီ သောက်သော်လည်း သွေးပေါင်ချိန်မကျသေးပါက ဆေးသုံးမျိုးစလုံးကို ပြန်၍ အထက်ပါ အစီအစဉ်အတိုင်း သုံးရက်စီ ပြန်၍သောက်ပါက သွေးတိုးရောဂါ သက်သာပျောက်ကင်းပါမည်။

အအေးသွေးတိုးအတွက် စားသုံးရန် အသီးအရွက်များမှာ ခွေးတောက်၊ မြန်မာကုက္ကို၊ ဥသျှစ်ရွက်၊ ရဲယို၊ ပြည်ပန်းညို၊ ကြောင်ပန်းရွက်၊ ခံတက်၊ ကြိတ်မှန်၊ ငရုံ့ပတူ၊ ကြာဟင်း၊ ဒန့်သလွန်သီး/ရွက် စသည်တို့ဖြစ်ပါသည်။

အပူသွေးတိုးအတွက်စားသုံးရန်ဆေး အပူသွေးတိုး ရောဂါအတွက် **ပထမဆေး** အဖြစ် ပထမသုံးရက် နံနက်ပိုင်း ရေနွေးပူပူ သုံးအောင်စတွင် သံပရာရည် တစ်အောင်စရော၍ နံနက် ၆ နာရီအချိန်တိုင်း နွေးနွေးသောက်ရပါမည်။ **ဒုတိယဆေး** အဖြစ် ဒုတိယသုံးရက် နံနက် ၆ နာရီနှင့် မွန်းလွဲ ၁ နာရီ အချိန်တို့တွင် ရေနွေးပူပူ ငါးအောင်စတွင် သံပရာရည် ခုနစ်အောင်စဝက်နှင့် သကြားလက်ဖက်ရည်ဇွန်း တစ်ဇွန်းဖြင့် ချိုချဉ်မျှ အရသာပေါ်အောင်ဖျော်ပြီး နေ့စဉ် သုံးရက်ဆက် သောက်ရပါမည်။ **တတိယဆေး** အဖြစ် တတိယသုံးရက် နံနက်/ည လယ်ပတူရွက် ၁၀ ကျပ်သားကို ရေ ၃၀ ကျပ်သားနှင့်ပြုတ်၍ တစ်ဝက်ခန့်အအေးခံပြီး ဆေး (သုံးရက်စာဖြစ်၍) သုံးရက်သောက်ရပါမည်။ ၎င်းဆေးများ သောက်သော်လည်း သွေးတိုးချိန်မကျပါက အကြောပေါင်းတစ်ထောင်ပင် ပဥ္စငါးပါး (အချို့အရပ်ဒေသတွင် ဖားကြောပင်ဟုခေါ်သည်) ၁၀ ကျပ်သားကို ရေသုံးကျပ်သားဖြင့်ပြုတ်၍ တစ်ဝက်ခန့် အအေးခံပြီး ည/နံနက် (သုံးရက်စာဖြစ်၍)သုံးရက်ဆက် သောက်ရပါမည်။

အထက်ဖော်ပြပါအတိုင်း သောက်သုံးပါက ရောဂါသက်သာကြောင်း တွေ့ရှိရပါမည်။

သွေးတိုးရောဂါကို သက်သာစေသောဆေးနည်းမှာ မိုးနံ့မြစ်၊ ဘုမ္မရာဇာ၊ ဆေးပုလဲ၊ ကန့်ကလာ(ပဥ္စငါးပါး)၊ ဧကရာဇ်(အမြစ်၊ ပင်စည်)၊ ဆင်တုံးမနွယ် (ပင်စည်)၊ ငရုတ်ခါး (ခေါ်) ဆေးခါးကြီး စသည်တို့ကို ဆတူပမာဏရောစပ်၍ ဆေးပြားရိုက်ပြီး တစ်ကြိမ်သောက်လျှင် ဆေးပြားနှစ်ပြားမှ သုံးပြားနှုန်းဖြစ်စေ၊ အမှုန့် ဖြစ်ပါက နှစ်ပဲသားခန့်ဖြစ်စေ၊ သွေးပေါင်ချိန် အခြေအနေပေါ်မူတည်၍ တစ်နေ့ နှစ်ကြိမ်ခန့် သောက်နိုင်ပြီး အရေးပေါ် သွေးကျဆေးအဖြစ် ကန့်ကလာ(သို့မဟုတ်) တောနှမ်းကို ထန်းလျက်နှင့်ကျိုပြီး အကြမ်းပန်းကန်တစ်လုံးပမာဏ ပူပူမှုတ်သောက်ပါက သွေးတိုးကျနိုင်ပါသည်။ (တိုင်းရင်းဆေးကောင်စီဝင် တိုင်းရင်းဆေးသမားတော်ကြီး တစ်ဦး တိုင်းရင်းဆေးသမားတော်များညီလာခံတွင် တင်သွင်းခဲ့သော သုတေသနစာတမ်းပါ ဆေးနည်းဖြစ်ပါသည်။)

အပူသွေးတိုးရောဂါအတွက် စားသုံးရန်အသီးအရွက်များမှာ ရှောက်ချို၊ ကျွဲကော၊ နာနတ်၊ ကမ္ဗလာသီး၊ လိမ္မော်၊ သလဲသီး၊ စပျစ်သီး၊ ဆီးတော်၊ သရက်၊ မရန်း၊ သံပရာတို့ကို ဖျော်ရည်အဖြစ် သောက်သုံးနိုင်ပြီး မန်ကျည်းရွက်၊ ကင်ပွန်းချဉ်ရွက်၊ ကင်ပလင်း၊ ကုလားပဲ၊ ခွေးတောက်ရွက်၊ မုန်လာဥ၊ မုန်ညင်းချဉ်၊ မုန်ညင်းချဉ်ရွက်၊ ဥကန်စွန်းရွက်၊ ကျောက်ဖရုံသီး၊ ဘူးရွက်ချဉ်ရည်ချက်၍ စားနိုင်ပါသည်။ အစာလည်းဆေး ဆေးလည်းအစာအဖြစ် ကြက်ပေါက် ၂၅ ကျပ်သား၊ ၃၀ ကျပ်သားခန့် တစ်ကောင်ကို ပြုတ်၍ သံပရာရည်နှင့် ဆမ်းပြီး သောက်ရပါမည်။

သွေးတိုးရောဂါအတွက် ရှောင်ကြဉ်ရန် အစားအစာများမှာ အဆီ အစေးများသော ငကျွဲ၊ ပေါ်ဆန်းမွှေး အစရှိသော ဆန်များ၊ ပတ်ဖွဲ့စေတတ်သော စားအုန်းဆီ၊ ပဲဆီ၊ ဘဲသား၊ ဝက်သား၊ အမဲသား၊ ငါးဖယ်၊ ငါးပတ်၊ ငါးခုံးမ၊ ပုစွန်ဆိတ်၊ ပုစွန်လုံး၊ ပုစွန်ချဉ်၊ ငါးသလောက်၊ ကဘီလူး၊ ပဲငါးပိ၊ ပဲကြီး၊ ဥအမျိုးမျိုး၊ ငှက်ပျောသီး၊ ပိန္နဲသီး၊ သြဇာသီး၊ မာလကာသီး၊ ဒူးရင်းသီး၊ ဖရုံသီး၊ ရုံးပတီသီး၊ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး၊ မှိုအမျိုးမျိုး၊ ကညွတ်၊ အင်ဥ၊ နံနံပင်၊ စပါးလင်၊ မျှစ်၊ မျှစ်ချဉ်၊ ပီလောပီနံ၊ မဲဇလီရွက်၊ ကောက်ညှင်း၊ အုန်းနို့ပါသော မုန့်အမျိုးမျိုး၊ ပုန်းရည်ကြီး၊ လက်ဖက်၊ ချိုသော၊ ဆိမ့်သော၊ ဖန်သောအရသာရှိသည့် အစားအစာများ၊ ဆိုဒါပါသော အစားအစာများ၊ နံပြား၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ရေခဲမုန့်၊ ချောကလက်နှင့် အငန်အရသာ လွန်ကဲသော အစားအစာများ ဖြစ်သည်။ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ဆားငန်သီး၊ ဆီးငန်သီး၊ စည်သွတ်အစားအစာများ၊ မုန်လာဥနီ စသည်တို့ဖြစ်ကြသည်။

သွေးတိုးရောဂါများကို ကာကွယ်ရန်နည်းလမ်းများမှာ အအေးလွန်ကဲသော နေရာတွင် နေထိုင်ခြင်းမှရှောင်ကြဉ်ခြင်း၊ စိတ်ကိုတည်ငြိမ်ပျော်ရွှင်စွာ နေထိုင်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ သင့်တင့်လျောက်ပတ်သော ကိုယ်လက် လှုပ်ရှားမှုပြုခြင်း၊ (ဥပမာ-လမ်းလျှောက်ခြင်း၊ ဂေါက်သီးရိုက်ခြင်း၊ ခြင်းလုံးခတ်ခြင်း) အဆီအစေး အသားဓာတ်များသော အစားအစာများကို လျှော့စားခြင်း၊ ပူခါးချဉ် စပ်အရသာရှိ အစာများကို စားသုံးခြင်း၊ သတိတရားအစဉ်ထားရှိခြင်း၊ အနားယူ အပန်းဖြေခြင်း၊ အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် လက်ဖက်ရည် အလွန်အကျွံသောက်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊ အမျိုးသမီးများအနေဖြင့် ပဋိသန္ဓေတားဆေးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ တင်းတိမ်ရောင့်ရဲမှုရှိခြင်း၊ ဒေါသကို ထိန်းသိမ်းတားဆီးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းကျန်းမာရေးကို ဂရုပြုဆောင်ရွက်ခြင်း၊ ဆားကို လျှော့စားခြင်း၊ အငန်ဓာတ်များသော အစားအစာများ၊ အတက်စာများ၊ ကြော်ကြော်ချက်ခဲသော အစားအစာ၊ ဆားနှင့် ဆိုဒါပါသည့် ခေါက်ဆွဲ၊ နံပြား၊ ကိတ်မုန့်၊ ဖျော်ရည်အမျိုးမျိုးတို့ကို သောက်ခြင်းများမှ ရှောင်ကြဉ်ခြင်း၊ ဒိန်ခဲများ၊ ဝက်ဆီ၊ ထောပတ်၊ အုန်းသီး၊ မြေပဲဆီ၊ ဝက်သားနှင့် ပြုပြင်ထားသည့် အသားများ အဆင်သင့်စားသောက်နိုင်သည့် အစားအစာများနှင့် စက်ရုံထုတ် စည်သွတ်ဘူးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ လတ်ဆတ်သော အသားနှင့်ဟင်းသီးဟင်းရွက်များကို စားသုံးခြင်း၊ ဆိုဒီယမ်များပါဝင်သည့် ဆေးဝါးများနှင့် အစားအစာများကို မသုံးစွဲခြင်း၊ မျိုးရိုးထဲတွင် သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်ရောဂါရှိသူများ အနေဖြင့် သွေးပေါင်ချိန်ကို မှန်မှန်ချိန်ရန်၊ ခန္ဓာကိုယ်ဝဖြိုးနေပါက ကိုယ်အလေးချိန်လျှော့ချရန်၊ အဆီအအိမ့် အချို ဆားနှင့် အငန်အရသာရှိသော အစားအစာများကို လျှော့စား၍ ဟင်းသီးဟင်းရွက် သစ်သီးတို့ကို စားခြင်းတို့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ သွေးတိုးရောဂါသည် သိသာသောလက္ခဏာများမပြဘဲ ဖြစ်ပွားနိုင်ခြင်းကြောင့် မိမိ၏ သက်ရှည်ကျန်းမာရေးအတွက် သွေးတိုးရှိ၊ မရှိ ခြောက်လတစ်ကြိမ် (အကြိမ်စိပ်၍ တိုင်းတာလျှင် ပို၍ကောင်းပါသည်။) စနစ်တကျတိုင်းတာခြင်း၊ မိမိ၏ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ဆေးပညာရှင်တစ်ဦးဦးနှင့် အမြဲတမ်းဆွေးနွေးတိုင်ပင်လျက် မိမိ၏နေ့စဉ် စားသောက်နေထိုင်မှုပုံစံကို အထူးအလေးထားဆင်ခြင်ခြင်း၊ ကြိုတင်ကာကွယ်သည့်နည်းလမ်းများ ဆောင်ရွက်ခြင်း၊ လိုအပ်ပါက ဆေးများ စနစ်တကျမှန်မှန်ကန်ကန် စားသုံးခြင်းဖြင့် လူ့သက်တမ်းကိုတိုစေ၊ ဖြစ်ပွားမှုလည်းများ၊ အခြားဆင့်ပွားရောဂါများကို ဖြစ်စေတတ်သည့် သွေးတိုးရောဂါ၏ အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အောင်တံခွန်ဈေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

မန္တလေး ဇူလိုင် ၂၀

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ဈေး အောင်တံခွန်ဈေး သမဝါယမအသင်းလီမိတက် ၂၀၁၀ -၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၁ ရက် နံနက် ၁၀ နာရီက အောင်တံခွန်ခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ သဘာပတိ အသင်းဒါရိုက်တာ ဥက္ကဋ္ဌ ဦးစန်းယုနှင့် ဦးစီးအရာရှိ ဒေါ်ခင်ငြိမ်းထွေး တို့က အမှာစကားပြောကြားသည်။ ထို့နောက် အမှုဆောင်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်နိုင်ဦးက ဖတ်ကြားတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသော အသင်းသူ၊ အသင်းသားများထံမှ အမှုဆောင်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုချက်ရယူကြောင်း သိရသည်။ (၃၈၇)

တောင်ငူမြို့ မေတ္တာနှင့်စေတနာ သွေးလှူရှင်အဖွဲ့သို့ ငွေကျပ်တစ်သိန်းလှူဒါန်း

တောင်ငူ ဇူလိုင် ၂၀

တောင်ငူမြို့နယ် ထန်းကုန်းကျေးရွာအုပ်စု ကျွဲကျောင်းကျေးရွာနေ ကွယ်လွန်သူ တောင်သူ ဦးထွန်းသိန်းအားရည်စူး၍ ကျန်ရစ်သူ ဇနီး ဒေါ်မမကြီးနှင့် သမီး မခင်မာဆွေ မိသားစုက ဇူလိုင် ၁၄ ရက်တွင် တောင်ငူမြို့ မေတ္တာနှင့်စေတနာသွေးလှူရှင်အဖွဲ့သို့ အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ သွေးလှူရှင်အဖွဲ့ နာယက သတင်းထောက် ဦးကျော်လှ(သမာဓိ)နှင့် အမှုဆောင်အဖွဲ့တို့က လက်ခံရယူပြီး **(အပေါ်ပုံ)** အလှူရှင်မိသားစုသို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

၎င်းသွေးလှူရှင်အဖွဲ့သည် စတင်တည်ထောင်သည်မှ ယနေ့ထိ သွေးနှင့် အောက်ဆီဂျင်အိုးများကို ၂၄ နာရီ အခမဲ့လှူဒါန်းလျက်ရှိရာ ယနေ့အထိ သွေးပုလင်းပေါင်း ၁၃၁၀၇ နှင့် အောက်ဆီဂျင်အိုး ၉၄၀ တို့ကို လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ စေတနာရှင်များအနေဖြင့် မေတ္တာနှင့် စေတနာသွေးလှူရှင်အဖွဲ့ရုံး ကန်လမ်း တောင်ငူမြို့ ဖုန်း-၀၅၄-၂၅၂၄၀သို့ ထည့်ဝင်လှူဒါန်းနိုင်သည်။ (၁၂၉)

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးဌာနမှ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မတိုင်မီ အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား တိုးမြှင့်ပင်စင်လစာခံစားနိုင်ရေးအတွက် ဇူလိုင် ၁၂ ရက်က မြို့နယ်ပညာရေးမှူးရုံးတွင် မြို့နယ်ပညာရေးမှူး ဦးတင်မင်း၊ ကျွမ်းကျင်အဆင့် (၆) ဦးဌေးလှိုင်နှင့် ရုံးဝန်ထမ်းများ တိုးမြှင့်ပင်စင်လစာဆိုင်ရာ ရုံးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ကြစဉ်။

(၃၆၄)

ကျောက်စိမ်းများသိုလှောင်ရာ၌ စာရင်းဇယားနှင့် စနစ်တကျထိန်းသိမ်း ကျောက်စိမ်းရုပ်တုမျိုးစုံ ထုလုပ်နိုင်သည့် အတတ်ပညာရှင်များ စုစည်း

နေပြည်တော် ဇူလိုင် ၂၀

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇူလိုင် ၁၇ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်ရုံးခွဲ)သို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်စိမ်းသိုလှောင်ရုံ၌ ကျောက်စိမ်းများ သိုလှောင်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောက်စိမ်းများ သိုလှောင်သိမ်းဆည်းထားရာ၌ စာရင်းဇယားများနှင့် တိတိကျကျ မှတ်တမ်းတင်ထားရှိပြီး စနစ်တကျထိန်းသိမ်းထားရှိရန်၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းချပွဲများ၌ နိုင်ငံတော်ပိုင် အရည်အသွေးမီ ကျောက်စိမ်း၊ ကျောက်မျက်များစုစည်း၍ တင်ပြရောင်းချနိုင်ရေး ဆောင်ရွက်သွားကြရန်၊ နောင်လာမည့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲရတနာပြပွဲများ၌ တန်ဖိုးကြီးမားသည့် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချနိုင်ရေး၊ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာများ တူးဖော်လျက်ရှိသော ကုမ္ပဏီများမှ အရည်အသွေး အထူးကောင်းမွန်သည့် ကျောက်စိမ်းများ၊ ကျောက်မျက်များ ထုတ်လုပ်သွားနိုင်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ တန်ဖိုးမြင့် ကျောက်စိမ်းရုပ်တုမျိုးစုံထုလုပ်နိုင်သည့် နိုင်ငံခြားသားပညာရှင်များအပါအဝင် အတတ်ပညာရှင်များအား စည်းရုံးစုစည်းသွားရန်နှင့် ပညာရပ်များကို လက်ဆင့်ကမ်း သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရန်ကုန်ရုံးခွဲ) ကျောက်စိမ်းသိုလှောင်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

အာရှအိုလံပစ်ကောင်စီနှင့် ဂျပန်နိုင်ငံ အိုလံပစ်ကော်မတီ၊ ဂျပန်နိုင်ငံအားကစားအဖွဲ့ချုပ်တို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သော အာရှအိုလံပစ်ကောင်စီ အကြိမ်(၃၀)မြောက် အထွေထွေညီလာခံ၊ ဂျပန်နိုင်ငံ အိုလံပစ်ကော်မတီနှင့် ဂျပန်နိုင်ငံ အားကစားအဖွဲ့ချုပ် နှစ်(၁၀၀)ပြည့် အခမ်းအနားများသို့ တက်ရောက်ခဲ့ပြီး (ယာပုံ) **ဇူလိုင် ၁၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော မြန်မာ-ထိုင်း နှစ်နိုင်ငံအိုလံပစ်ကော်မတီတို့၏ လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ခေါင်းဆောင်သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. KIKUTA Makiko နှင့်လည်းကောင်း၊ Ministry of Land, Infrastructure, Transport and Tourism (MLITT) ဝန်ကြီး H.E. Mr. Akihjro OHATA နှင့် လည်းကောင်း သက်ဆိုင်ရာဌာနများ၌ တွေ့ဆုံနှုတ်ဆက်ပြီး မြန်မာ-ဂျပန် နှစ်နိုင်ငံ အားကစားလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် တိုကျိုမြို့ Grand Prince Hotel, New Takanawa ၌ ကျင်းပခဲ့သော အာရှအိုလံပစ်ကောင်စီ၏ အကြိမ်(၃၀)မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ယင်းနေ့ နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ Ministry of Education, Culture, Sports, Science and Technology ဝန်ကြီး H.E. Mr. Yoshiaki TAKAKI နှင့် တွေ့ဆုံနှုတ်ဆက်၍ နှစ်နိုင်ငံ အားကစား ပူးပေါင်းဆောင်ရွက်ရေးအတွက် ရင်းနှီးစွာ ဆွေးနွေးခဲ့ကာ ညနေပိုင်းတွင် အာရှအိုလံပစ်ကောင်စီနှင့် ဂျပန်နိုင်ငံအိုလံပစ်ကော်မတီတို့က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် Grand Prince Hotel, New Takanawa ၌ ကျင်းပခဲ့သော ဂျပန်နိုင်ငံ အိုလံပစ်ကော်မတီ၏ နှစ်(၁၀၀)ပြည့် အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် Japan Sports 100th Anniversary Ceremony သို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် Japan Sports 100th Anniversary Reception သို့ လည်းကောင်း တက်ရောက်ခဲ့ကြသည်။

တက်ရောက်

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် အပြန်ခရီးတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ဝင်ရောက်ခဲ့ကြပြီး ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ General Yuthasak SASIPRAPHA ဦးဆောင်သော ထိုင်းနိုင်ငံအိုလံပစ်ကော်မတီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာ-ထိုင်း နှစ်နိုင်ငံ အားကစားဖွံ့ဖြိုးပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ အရှေ့တောင်အာရှဒေသတွင်း အားကစားဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် ၂၀၁၃ ခုနှစ်အတွင်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေး၊ မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ညပိုင်းတွင် ထိုင်းနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၉ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြရာ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့ကြသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

လုပ်ငန်းခွင်ဝင် အင်ဂျင်နီယာသင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၀

GALLANT သင်တန်းကျောင်း၌ နိုင်ငံတကာအသိအမှတ်ပြု City & Guilds အင်္ဂလန်နိုင်ငံ အင်ဂျင်နီယာဒီပလိုမာသင်တန်းများအပြင် GALLANT သင်တန်းကျောင်းမှ အသိအမှတ်ပြုလုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်နှင့်အင်ဂျင်နီယာပညာရပ်အသုံးချကွန်ပျူတာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ထိုလုပ်ငန်းခွင်အသုံးချအင်ဂျင်နီယာဘာသာရပ်များမှာ လတိုသင်တန်းများဖြစ်ပြီး အချိန် နှစ်လမှ လေးလအထိသာ ကြာမြင့်ကာ ကုန်ကျစရိတ်သက်သာသည့် ဘာသာရပ်များဖြစ်ကြောင်း သိရသည်။

အင်ဂျင်နီယာနှင့် အင်ဂျင်နီယာပညာရပ် အသုံးချကွန်ပျူတာသင်တန်းများကို အခြေခံပညာအထက်တန်းရှိသူများ၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိပြီးသူများ တက်ရောက်နိုင်ပြီး အင်ဂျင်နီယာ (B.E, AGTI) ရရှိထားကာ လက်တွေ့ကျွမ်းကျင်မှု ဦးစားပေးသင်ကြားလိုသူများလည်း တက်ရောက်နိုင်ကြောင်း၊ သင်တန်းပြီးဆုံးအောင် တက်ရောက်ပါက GALLANT သင်တန်းကျောင်း အသိအမှတ်ပြု Certificate ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ GALLANT သင်တန်းကျောင်းမှ အထူးဝန်ဆောင်မှုအဖြစ် သင်တန်းပြီးဆုံးပါက ပြည်ပအလုပ်အကိုင်လျှောက်ထားလိုသူများကို မိမိတို့၏ ပညာအခြေခံအလိုက် ဘာသာရပ်ရွေးချယ်ပေးခြင်း၊ Rescume ပြင်ဆင်ပေးခြင်း၊ Professional လိုင်းပြင်ဆင်ပေးခြင်းနှင့် ထပ်မံလေ့လာရမည့် (Skill Level) ကျွမ်းကျင်မှုအဆင့်များကို ဆွေးနွေးပေးပြီး လိုင်စင်ရအလုပ်အကိုင် အေဂျင်စီများမှတစ်ဆင့် အလုပ်ရရှိရန် စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

လုပ်ငန်းခွင်အသုံးချအင်ဂျင်နီယာနှင့် ကွန်ပျူတာသင်တန်းများကို သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် စာတွေ့လက်တွေ့အချိုးညီညီ သင်ကြားပေးလျက်ရှိကြောင်း၊ လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်လျက်ရှိရာ သင်တန်းနှင့်ပတ်သက်ပြီး စုံစမ်းလိုပါက အမှတ်(၅) ဘီ(၅) (၄)လွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း-၅၃၂၄၂၀၊ ၀၉-၇၃၀၃၂၆၇၀ နှင့် ၅၃၉၄၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

One Shot ဇာတ်ကား၌ သရုပ်ဆောင်ရန် တွမ်ခရုစ် သဘောတူ

ဟောလိဝုဒ်မင်းသား တွမ်ခရုစ်က စာရေးဆရာ လီချိုင်းလ်ဒ်၏ ၂၀၀၅ ခုနှစ်က အရောင်းရဆုံး ဝတ္ထုစာအုပ်ဖြစ်သော One Shot ကို ဒါရိုက်တာ ခရစ္စတိုဖာ မက်ကွာရီက ရုပ်ရှင်ဇာတ်ကားအဖြစ် ဖန်တီးရာတွင် အဓိကဇာတ်ဆောင်မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်ရန် သဘောတူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

မင်းသားတွမ်ခရုစ်**(ယာပုံ)**သည် ဤ One Shot ဇာတ်ကား၌ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းဇာတ်ရုပ်ဖြစ်သည့် ဂျက်ရက်ချာ နေရာတွင် သရုပ်ဆောင်ရမည်ဟု ဆိုသည်။

ခရစ္စတိုဖာမက်ကွာရီနှင့် တွမ်ခရုစ်တို့သည် The Usual Suspects ဇာတ်ကားတွင်လည်း အတူလက်တွဲအလုပ်လုပ်ခဲ့ဖူးသကဲ့သို့ ၂၀၀၈ ခုနှစ်က Valkyrie ဇာတ်ကားတွင်လည်း အတူလက်တွဲ အလုပ်လုပ်ခဲ့ဖူးသည်။ မင်းသားတွမ်ခရုစ်ကို ဒီဇင်ဘာလတွင် ဖြန့်ချိမည့် Mission: Impossible - Ghost Protocol ဇာတ်ကားတွင်လည်း ကြည့်ရှုကြရဦးမည်ဖြစ်သည်။ **အင်တာနက်။**

အောဝမ်းစိုး

အင်ဒီရာနာဂျုန်းစ် ဇာတ်ကားသစ် ဖန်တီးလိုသည့် ဟာရစ်ဆင်ဖို့ဒ်

နာမည်ကျော် လူကြိုက်များခဲ့သည့် အင်ဒီရာနာဂျုန်းစ် ဇာတ်ကားများတွင် အဓိကပါဝင် သရုပ်ဆောင်ခဲ့သည့် မင်းသားကြီး ဟာရစ်ဆင်ဖို့ဒ် **(ယာပုံ)**က နောက်ထပ် အင်ဒီရာနာဂျုန်းစ်ဇာတ်ကားသစ်များ ရိုက်ကူးလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

၂၀၀၈ ခုနှစ်က Indiana Jones and the Kingdom of the Crystal Skull ဇာတ်ကားပြီးနောက်ပိုင်း အင်ဒီရာနာဂျုန်းစ်ဇာတ်ကားသစ်ကို ဖန်တီးရန်ဆန္ဒရှိကြောင်း၊ သို့သော် ယခုအကြိမ် ရိုက်ကူးမည့် အင်ဒီရာနာဂျုန်းစ်ဇာတ်ကားကို အပြောင်းအလဲများပြုလုပ်၍ အကောင်းဆုံး စီစဉ်ရိုက်ကူးသွားရန် စဉ်းစားနေကြောင်း ဟာရစ်ဆင်ဖို့ဒ်က ပြောကြားသည်။

နာမည်ကျော် အင်ဒီရာနာဂျုန်းစ် ဇာတ်ကားများကို ၁၉၈၁ ခုနှစ်နှင့် ၁၉၈၉ ခုနှစ်များအတွင်း ဒါရိုက်တာ စတီဗင်စပီးလ်ဘက်ဂ်က ရိုက်ကူးခဲ့ပြီး အင်ဒီရာနာဂျုန်းစ်အဖြစ် သရုပ်ဆောင်ခဲ့သည့် မင်းသား ဟာရစ်ဆင်ဖို့ဒ်သည်လည်း အက်ရှင်မင်းသားအဖြစ် နာမည်ကျော်ခဲ့ပြီး ယင်းဇာတ်ကားများသည်လည်း လူကြိုက်များသည့် ဂန္ထဝင်ဇာတ်ကားများ ဖြစ်ခဲ့သည်။ သို့သော် ၂၀၀၈ ခုနှစ်က Kingdom of the Crystal Skull ဇာတ်ကားမှာ ပရိသတ်အားပေးမှု အနည်းငယ်သာရရှိခဲ့ပြီး ဟာရစ်ဆင်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့် မင်းသား ရှာလေဘော့ဖ်မှာ ဝေဖန်မှုများပင် ခံခဲ့ရသည်။ **အင်တာနက်။**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် JICA- Myanmar ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား Prof. Dr. Konosuke ODAKA, Hitotsubashi University နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ JICA Headquarter မှ Mr. Takahiro SASAKI, Deputy Director General နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် JICA-Myanmar ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား Prof. Dr. Konosuke ODAKA, Hitotsubashi University နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ JICA Headquarter မှ Mr. Takahiro SASAKI, Deputy Director General နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၇-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၃၅	၄။	မျိုးချစ်တပ်မတော်
၇း၄၀	၅။	မြန်မာ့ရှုခင်း
၇း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၂၅	၅။	ဗွီစီဒီကျော်ကြားတေး
၄း၃၅	၆။	မွေးမြူသုတ
၄း၅၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၁၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၈၄)**
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၂။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၃။	ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၄၁)
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ်(အပိုင်း-၄၄)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ဒို့တာဝန်အရေး(၃)ပါး
	၁၈။	နိုင်ငံတကာသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အနုပညာရှင်၏တစ်နေ့တာ
	၂၁။	ကုန်သွယ်သုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၃၅)**
	၂၄။	ဂီတရင်ခုန်သံ

ကရင်ပြည်နယ်နှင့်မွန်ပြည်နယ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းသည် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသံဒိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဘားအံမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း သင်တန်းခန်းမ၌ ဝန်ထမ်းများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းသားများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက တိုင်းရင်းသားလူငယ်များအပေါ် နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့် ဝန်ကြီးဌာန၏ မူဝါဒများကို ရှင်းလင်းမှာကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ၊ ဝန်ထမ်းမိသားစုများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းသားများအတွက် ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်၍ သင်တန်းသားအိပ်ဆောင်များ၊ စားရိပ်သာနှင့် ရာသီသီးနှံစိုက်ခင်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ၊ ဝန်ထမ်းမိသားစုများအတွက် ပညာသင်ထောက်ပံ့ကြေးများပေးအပ်ကာ သင်တန်းခန်းမအတွင်း သင်တန်းသူများ၏ လက်ရာအထည်များနှင့် လက်တွေ့ချုပ်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဘားအံ) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်၏ မူဝါဒများ၊ ဝန်ကြီးဌာနနှင့်ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေး၍ နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေး၊ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။

ယင်းနောက် ညနေပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ သင်တန်းခန်းမ၊ စားရိပ်သာနှင့်ရာသီသီးနှံစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မော်လမြိုင်) အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်ရေး ရှင်းလင်းမှာကြားပြီး ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း မွန်ပြည်နယ် မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေါင်စနစ်ဖြင့် သိပ္ပံနည်းကျမိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကျင်းပ

ပျဉ်းမနား ဇူလိုင် ၂၀

စပါးအထွက်နှုန်းမြင့်မားစေရန် အဆင့်ဆင့် ဆောက်ရွက်သင့်သည့် နည်းစနစ်ကောင်းများကို တောင်သူများ လိုက်နာဆောင်ရွက်ရေးအတွက် နည်းပညာလက်တွေ့ ဆောင်ရွက်ပြသမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာကွင်းအမှတ်(၁၇၀၉) ရှိ တောင်သူ ဦးလှအောင်၏ မိုးစပါးစိုက်လယ်မြေတွင် မနောသုခ၊ ဆင်းသုခနှင့် သုခမွှေးစပါးမျိုးများကို စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက်ထွက်ရန် ဆောင်ရွက်သည့် ပေါင်စနစ်ဖြင့် ပျိုးထောင်၍ သိပ္ပံနည်းကျ စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မြင့်အောင်သန်း တက်ရောက်အားပေးကြည့်ရှုသည်။ **(အောက်ပုံ)**

သရုပ်ပြပွဲသို့ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အကျိုးဆောင်တောင်သူများ တက်ရောက်ကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်က ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းများကို လက်တွေ့ရှင်းလင်းပြသသည်။

ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းသည် မျိုးစေ့အသုံးပြုမှု သက်သာခြင်း၊ အပင်သန်စွမ်းမှုအားကောင်း၍ ပျိုးပင်ပွားများမှုလျင်မြန်ခြင်း၊ ပျိုးခင်းအတွင်း လေဝင်လေထွက်ကောင်း၍ ပိုးမွှားကျရောက်မှုသက်သာပြီး ပန်းတိုင်အထွက်နှုန်း ထွက်ရှိရန်သေချာသော သိပ္ပံနည်းကျစိုက်စနစ်ဖြစ်သည်။ (၅၈၆)

ပြည်တွင်းဈေးကွက်

ယခုအပတ် ပြည်တွင်းပဲမျိုးစုံဈေးကွက်များတွင် အရည်အသွေးကြောင့်လည်းကောင်း၊ အရည်အသွေးကောင်းသော်လည်း ဈေးလျှော့ဝယ်ယူမှုများကြောင့် လည်းကောင်း ပဲမျိုးစုံဈေးနှုန်းများ ကျဆင်းလာခဲ့သော်လည်း နှစ်ပတ်ဆက်တိုက်ကျဆင်းခဲ့သော ပြည်တွင်းစားသုံးဆီဈေးကွက်များတွင်မူ ဈေးနှုန်းအပြောင်းအလဲ အမျိုးမျိုးဖြစ်ပေါ်လျက်ရှိသည်။

မတ်ပဲ။ ။ မန္တလေးမတ်ပဲဈေးကွက်မှာ ယခင်အပတ်က မတ်ပဲတစ်တန်ဈေးနှုန်း ငွေကျပ် ၄၇၉၅၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင်မူ ငွေကျပ် ၄၄၈၈၀၀ သို့ ကျဆင်းခဲ့သည်။

ပဲတီစိမ်း။ ။ အရည်အသွေးလိုအပ်မှုများကြောင့် ဈေးလျှော့၍ ဝယ်ယူကြသဖြင့် ဈေးနှုန်းများကျလာရာ မုံရွာပဲတီစိမ်းဈေးကွက်တွင် ယခင်အပတ်က ပဲတီစိမ်းတစ်တန်ဈေးနှုန်း ငွေကျပ် ၆၄၄၈၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၅၇၉၉၀၀ သို့ လည်းကောင်း၊ မန္တလေးပဲတီစိမ်းဈေးကွက်တွင် ယခင်အပတ်က တစ်တန်ဈေးနှုန်း ငွေကျပ် ၆၆၃၈၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၅၇၆၈၀၀ သို့ လည်းကောင်း ကျဆင်းခဲ့သည်။

ပဲစင်းငုံ(နီ)။ ။ မန္တလေးနှင့် ပခုက္ကူ ပဲစင်းငုံ(နီ) ဈေးကွက်များ၌ ဈေးနှုန်းများ အေးနေသော်လည်း မုံရွာ ပဲစင်းငုံ(နီ) ဈေးကွက်တွင် ဈေးအနည်းငယ်ကျဆင်းခဲ့ပြီး ပြည်ပဲစင်းငုံ(နီ) ဈေးကွက်တွင်မူ ယခင်အပတ်က ပဲစင်းငုံ(နီ)တစ်တန်ဈေးနှုန်း ငွေကျပ် ၄၁၃၃၀၀ ရှိခဲ့ရာမှ ယခုအပတ်တွင် ငွေကျပ် ၃၉၈၀၀၀ သို့ ကျဆင်းခဲ့သည်။

ပဲဆီ။ ။ မုံရွာပဲဆီဈေးကွက်၌ ယခင်အပတ်က ပဲဆီတစ်ပိဿာ ငွေကျပ် ၃၅၀၀ သာ ရှိခဲ့ရာမှ ယခုငွေကျပ် ၃၆၀၀ သို့ တက်လာခဲ့သော်လည်း ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ မကွေး၊ တောင်ကြီးနှင့် စစ်တွေ ပဲဆီဈေးကွက်များတွင် ပဲဆီဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်။

နှမ်းဆီ။ ။ မန္တလေး၊ပဲခူး၊ မုံရွာ၊ တောင်ကြီးနှင့် စစ်တွေ နှမ်းဆီဈေးကွက်များ၌ အတက်အကျမရှိ ဈေးနှုန်းတည်ငြိမ်လျက်ရှိသော်လည်း ရန်ကုန် နှမ်းဆီဈေးကွက်တွင် ယခင်အပတ်က နှမ်းဆီ တစ်ပိဿာ ငွေကျပ် ၃၀၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၂၈၀၀ သို့လည်းကောင်း၊ မကွေးနှမ်းဆီဈေးကွက်တွင် ယခင် နှမ်းဆီ တစ်ပိဿာ ငွေကျပ် ၂၆၀၀ မှ ယခု ငွေကျပ် ၂၅၀၀ သို့ကျဆင်းလျက်ရှိသည်။

စားအုန်းဆီ။ ။ မန္တလေးစားအုန်းဆီဈေးကွက်မှာ ယခင်စားအုန်းဆီတစ်ပိဿာ ငွေကျပ် ၁၉၀၀ မှ ယခု ငွေကျပ် ၁၉၅၀ သို့ တက်လာခဲ့ပြီး မကွေးစားအုန်းဆီဈေးကွက်တွင် ယခင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၂၀၀၀ မှ ယခု ငွေကျပ် ၁၉၀၀ သို့ လည်းကောင်း၊ တောင်ကြီးစားအုန်းဆီဈေးကွက်မှာ ယခင်စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၂၂၅၀ မှ ယခု ငွေကျပ် ၂၁၅၀ သို့ ကျဆင်းခဲ့သည်။ ယင်းသို့ ပြည်တွင်းစားသုံးဆီဈေးနှုန်းများ အပြောင်းအလဲအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိသည်မှာ ပြည်တွင်းစားသုံးဆီ သီးနှံများအပေါ်တွင် တည်မှီနေသည်။

နှမ်း(ဖြူ)။ ။ မန္တလေးနှမ်း(ဖြူ)ဈေးကွက်မှာ ယခင် နှမ်း(ဖြူ) တစ်တန် ဈေးနှုန်း ငွေကျပ် ၇၆၁၈၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၇၇၅၈၀၀ သို့ လည်းကောင်း၊ မကွေးနှမ်း(ဖြူ)ဈေးကွက်တွင် ယခင် နှမ်း(ဖြူ)တစ်တန် ငွေကျပ် ၇၅၀၁၀၀ မှ ယခု ငွေကျပ် ၈၄၅၀၀၀ သို့ တက်လာခဲ့သည်။

နှမ်း(နက်)။ ။ မကွေးနှမ်း(နက်) ဈေးကွက်မှာ ယခင် နှမ်း(နက်) တစ်တန်ဈေးနှုန်း ငွေကျပ် ၈၈၄၉၀၀ မှ ယခုအပတ်တွင် ငွေကျပ် ၈၁၇၅၀၀သို့ ကျဆင်းခဲ့ပြီး မန္တလေးနှင့် ပြည် နှမ်း(နက်) ဈေးကွက်များမှာ အတက်အကျမရှိ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။

နိုင်လင်းကြည်

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကုန်ကျငွေသက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသော နိုင်ငံသားအရည်အချင်းပြည့်မီသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးရေးလုပ်ငန်းအစီအမံများနှင့် စပ်လျဉ်းသည့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် ကော့ကျိုက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဘားအံမြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ဒေသခံပြည်သူများအား အထူးအစီအစဉ်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား သက်ဆိုင်ရာပြည်သူတစ်ဦးချင်းထံပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးရေးလုပ်ငန်းအစီအမံများနှင့်စပ်လျဉ်းသည့် တွေ့ဆုံပွဲကို ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွန်ပြည်နယ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာ၌ မိမိတို့အနေဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် သတ်မှတ်ကုန်ကျငွေနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့်ထုတ်ပေးခြင်း၊ အသက်(၁၀)နှစ်ပြည့်မှ (၁၈)နှစ်ပြည့် လဲလှယ်ခြင်းနှင့် ပျက်စီး/ပျောက်ဆုံးမှုအတွက် မိတ္တူလျှောက်ထားခြင်းတို့ရှိရာ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ နိုင်ငံသားများအတွက် ကတ်ပြားရရှိရန် အများဆုံး ၂၈ ရက်အတွင်း ထုတ်ပေးနိုင်ရေး ဖြေလျှော့မှုများနှင့်အတူ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အထောက်အထား စုံလင်မှုရှိပါက နေ့ချင်းပြီးလည်း ရနိုင်ကြောင်း၊ ကုန်ကျစရိတ်အဖြစ် ကိုယ်ရေးမှတ်တမ်းပုံစံနှင့် ကတ်ပြားတန်ဖိုး စုစုပေါင်းအခငွေ ခြောက်ကျပ်သာ ပေးဆောင်ရန်ဖြစ်ကြောင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရာတွင် ယင်းကဲ့သို့ လျှော့ပေါ့မှု၊ ဖြေလျှော့မှုများနှင့် ကုန်ကျငွေ သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုကို ပြည်သူများအား အသိပေးပြောကြားလိုကြောင်း၊ မရှင်းလင်းသည့် အချက်များရှိပါကလည်း မြို့နယ်ဦးစီးဌာနမှူးများထံ သွားရောက်စုံစမ်းဆက်သွယ် မေးမြန်းဆောင်ရွက်နိုင်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားရာတွင် သွားလာမှုခက်ခဲသည့်ဒေသများမှ ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်က သတ်မှတ်ဖွဲ့စည်း တာဝန်ပေးအပ်ထားသည့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းစိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက ကြိုတင်စီစဉ်မှုများ ဆောင်ရွက်ထားရန်နှင့် မိမိတို့ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ လျင်မြန်စေလိုသော်လည်း လုပ်ငန်းသဘောသဘာဝအရ တိကျမှန်ကန်ရန်လည်း လိုအပ်သဖြင့် စေတနာရှေ့ထားကာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြစေလိုကြောင်းဖြင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ဝန်ထမ်းများအားတွေ့ဆုံကာ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းမှာကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ဘားအံခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဝန်ထမ်းများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးပြီး မြို့နယ်ရုံးမှတ်တမ်းဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ ဝန်ထမ်းအိမ်ရာများကိုလည်းကောင်း၊ ပြည်နယ်ဦးစီးဌာနမှူးရုံး အဆောက်အအုံနှင့် ရုံးခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဒုတိယဝန်ကြီး ပုသိမ်-မုံရွာလမ်းရှိ လမ်း၊ တံတားများနှင့် စလင်း-စေတုတ္တရာလမ်း စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၂၈၁/၅)နှင့် (၂၈၁/၆)အကြား၌ လမ်းသားရေတိုက်စားမှုနှင့် မြေထိန်းနံရံတည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ်(၂၉၃/၃) အနီး အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်နေသော ပေပင်ချောင်းတံတား လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရက်မကွန်ကရစ် သွန်းလောင်းနေမှု၊ မိုင်တိုင်အမှတ်(၂၉၇/၇)နှင့် (၂၉၈/၀) အကြား၌ လမ်းရေတိုက်စား၍ ပျက်စီးမှု၊ မိုင်တိုင်အမှတ် (၂၉၈/၆)နှင့် (၂၉၈/၇) အကြားနှင့် မိုင်တိုင်အမှတ် (၂၉၉/၃)နှင့် (၂၉၉/၄)အကြားတို့၌ လမ်းပျက်စီး၍ ပြုပြင်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မိုင်တိုင်အမှတ်(၃၀၁/၅) နှင့် (၃၀၁/၆)အကြား၌ စိန်နှင့်သောင်းကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသော(၁/၃၀၂) Box Culvert ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၃၀၂/၅)အနီးရှိ ကြိုချောင်းတံတား၌ တံတားချဉ်းကပ်လမ်း ကျောက်စီခင်းကြိတ်နေမှု၊ မိုင်တိုင်အမှတ် (၃၁၀/၁)နှင့် (၃၁၀/၂)အကြား၌ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၁)က တာဝန်ယူတည်ဆောက်နေသော အရှည်ပေ ၁၃၀ ရှိ ပေါင်းချောင်းတံတားပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ပုသိမ်-မုံရွာလမ်း မိုင်တိုင်အမှတ်(၂၉၃/၃)အနီး အဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်နေသော ပေပင်ချောင်းတံတား လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေါင်းချောင်းတံတားမှာ အောက်ထည်လုပ်ငန်းများပြီးစီး၍ ကွန်ကရစ်ရက်မလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပြီး ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုသိမ် - မုံရွာလမ်း ကံပြားမှတစ်ဆင့် မင်းဘူးခရိုင်အတွင်းရှိ စလင်း-စေတုတ္တရာလမ်း မကျီးစုရွာဟောင်းအနီး မိုင်တိုင်အမှတ် (၃၂/၅)၌ ပဇောချောင်းတံတား ပေ ၆၀ ရေမြုပ်နေမှု၊ ယာယီဆည်ရှောင်လမ်း တာပေါင်အနေအထား၊ လက်ရှိရေအမြင့်နှင့် အမြင့်ဆုံးရောက်ရှိနိုင်သည့် ရေမှတ်တို့ကို မေးမြန်းစစ်ဆေးခဲ့သည်။

ထို့နောက် မိုင်တိုင်အမှတ်(၃၃/၂)၌ ဖောက်လုပ်လျက်ရှိသော ပဇောချောင်းလမ်းလွှဲလုပ်ငန်းများကို ကြည့်ရှုကာ မိုင်တိုင်အမှတ်(၃၆/၀)ရှိ ညောင်အိုင်တံတားချဉ်းကပ်လမ်း စေတုတ္တရာဘက်ကမ်း ရေမြုပ်နေမှုကို စစ်ဆေးပြီး စေတုတ္တရာဘက်ကမ်းရှိ လျှာထားလမ်းတံတားအူကြောင်းများကို စက်လှေဖြင့် ကြည့်ရှုခဲ့သည်။ (သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

ပုသိမ်ကြီးမြို့နယ်၌ စာအုပ်၊ စာစောင်ပေးအပ်လှူဒါန်း

ပုသိမ်ကြီး ဇူလိုင် ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် စာအုပ်၊ စာစောင်အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၄ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်ကြီးမြို့နယ် လက်သစ်ကျေးရွာရှိ ရွာဦးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သန်းသန်းဝေက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စားအလှူရှင် ဒေါ်မမနိုင်(မန္တလေးရုပ်သေး)က လှူဒါန်းရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဆွေးနွေးသည်။

ထို့နောက် ပြန်လည်ပြုပြင်ဆောက်လုပ်လျက်ရှိသည့် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဦးသန်းညွန့်-ဒေါ်မမနိုင်က အလှူငွေကျပ် ၅၀၀၀၀ နှင့် စာအုပ်၊ စာစောင်များ၊ မြမန္တလာ စာကြည့်တိုက်မှ အလှူငွေကျပ် ၅၀၀၀၀ နှင့် စာအုပ်၊ စာစောင်များ၊ ဦးခင်မောင်မြင့်-ဒေါ်စန္ဒာဝင်း မိသားစုက အလှူငွေကျပ် ၃၀၀၀၀ နှင့် စာအုပ်၊ စာစောင်များ၊ မန္တလေးခရိုင် ပြန်/ဆက်ဦးစီးဌာနက စာအုပ်၊ စာစောင်များ၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနက သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းကြသည်။ (၆၃၆)

နေရှင်နယ်စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်မျိုးစုံ လှူဒါန်း

တောင်တွင်းကြီး ဇူလိုင် ၂၀

တောင်တွင်းကြီးမြို့ နေရှင်နယ် ပရဟိတဂေဟာကျောင်းဝင်းအတွင်းရှိ နေရှင်နယ်စာကြည့်တိုက်သို့ မြို့နယ်သတင်းထောက်များ စုပေါင်း၍ သုတ၊ ရသဂျာနယ်၊ မဂ္ဂဇင်း၊ မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီသတင်းစာများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပြန်/ဆက် ဦးစီးမှူး၊ မြန်မာ့အလင်းသတင်းထောက် ဦးဇော်ဌေးအောင်၊ မြို့နယ်ကြေးမုံသတင်းထောက် ဦးနိုင်ဝင်း၊ မြဝတီသတင်းထောက် ဦးကျော်ကျော်နှင့် ဦးစိုးပြည့်အောင်၊ ဦးအောင်ကျော်ငြိမ်း(လင်းယုန်တောင်တွင်း)၊ မှုခင်းသတင်းထောက် ဦးမင်းမောင်ဖုန်းနှင့် မနီလာသန်း(ကျားသစ်မ)တို့က နေရှင်နယ်ပရဟိတဂေဟာမှ မိဘမဲ့တိုင်းရင်းသားကျောင်းသားများ ဖတ်ရှုလေ့လာစေရေးအတွက် စာအုပ်၊ စာစောင်များကို နေရှင်နယ်စာကြည့်တိုက်ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။ (၅၈၀)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြလမ်းဖြစ်သော မန္တလေးတန်းရပ်ကွက် အောင်ဆန်းလမ်းအား ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် အင်ဂျင်နီယာမှူး ဦးသူရအောင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (သတင်းစဉ်)

၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အမက(၁၀) မူလွန် လှိုင်မြို့နယ်၌ ဇူလိုင် ၁၈ ရက်က Ovaltine ကုမ္ပဏီမှ အာဟာရအဖြစ် လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါခင်နှင့် ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို အာဟာရတိုက်ကျွေးစဉ်။ (ကြေးမုံ)

ဝေါမြို့နယ်၌ တံတားဖွင့်

ဝေါ ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် လေးအိမ်စုကျေးရွာ ကန်တော်မင်္ဂလာခုံးကျော်တံတားသစ်ဖွင့်ပွဲကို ဆရာတော် အရှင်ဝိလာသ(ဝေါဓမ္မစရိယ) (ရဲဝေအောင်-လေးမြေ)၊ ဦးမြင့်လွင်ထွန်း၊ ဦးမြလှိုင်၊ ဦးခင်မောင်ဌေး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်နှင့် အလှူရှင် ဦးတိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်ပေးကြသည်။**(ယာပုံ)** ယင်းတံတားသစ်အတွက် လေးအိမ်စုကျေးရွာမှ ဦးတိုးဝင်း-ဇနီး ဒေါ်မြင့်ဦးမိသားစုက ငွေကျပ်သိန်း ၂၀ မတည်လှူဒါန်းခဲ့သည်။ (ကြေးမုံ)

နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသမှ အောက်ခြေအထိ ထိရောက်စွာ ကုသပေးမှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်(၂)ရပ် ဖြစ်သည့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်းရောဂါဘယကင်းရှင်းရေးကိုချမှတ်၍ အကောင်အထည်ဖော်ရန် နည်းနာ(၃)ရပ်ဖြစ်သည့် ကျေးလက်ဒေသမှ အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ၁၉၈၉ ခုနှစ်မှစတင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ သဘောတူညီချက်စာချွန်လွှာ လက်မှတ်ရေးထိုးထားမှု၌ လူမှုရေးအဖွဲ့အစည်း(၃၁)ခုရှိကြောင်း၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာပြည်သူများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေး စောင့်ရှောက်မှုများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမှာစကားပြောကြား

ယခုအစည်းအဝေးတွင် လိုအပ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်မည့်ဧရိယာဒေသ သတ်မှတ်ရေးဆွဲရေး၊ အရင်းအမြစ်များအား အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် အတူတကွပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြရန် မှာကြားလိုကြောင်း၊ ယခင်ကဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများကိုအခြေခံ၍ မြန်မာပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရန် ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးကြရန် ဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ဗဟိုအဆင့် အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (Coordinating Workshop with INGOs at Central Level) ၌ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာ ဒေါ်မြတ်မြတ်အုံးခင်နှင့် ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ စီမံချက်မန်နေဂျာများ၊ အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာ သိန်းသိန်းဌေးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာ စောလွင်တို့က အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ရောဂါနှိမ်နင်းရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ရှင်းလင်းတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အုပ်စုများ၊ အဖွဲ့များခွဲကာ အုပ်စုလိုက် ဆွေးနွေးချက်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပြီး ဆွေးနွေးချက်များအား ပေါင်းစပ်ညှိနှိုင်းကာ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးကျင်းပ

ဗဟိုအဆင့် အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဇာတ်တိုက်လေ့ကျင့်

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့မှ သဘာဝဘေးနှင့် ကြုံတွေ့သည့်အခါ ရှက်ဖျင်တဲ အမြန်ဆောက်လုပ်နည်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၁၀ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန၌ ကျင်းပစဉ်။ (၁၃၉)

ဉာဏ်ရည်မြင့်မားပြီး အရည်အချင်းရှိသော အားကစားသမားများ ရှာဖွေဖော်ထုတ်ကာ နိုင်ငံ့လက်ရွေးစင်များ မွေးထုတ်

နေပြည်တော် ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနှင့် အားကစားနည်းအလိုက် ဆပ်ကော်မတီများအား တွေ့ဆုံပြီး အားကစားလုပ်ငန်းဆိုင်ရာ လမ်းညွှန်မှုအစည်းအဝေးကို ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ရှိ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက မိမိတိုင်းဒေသကြီး၏ အားကစားလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပြီး အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရေး၊ ဉာဏ်ရည်ဉာဏ်သွေးမြင့်မား၍ အရည်အချင်းရှိသော အားကစားသမားများအား ရှာဖွေဖော်ထုတ်ပြီး နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်များအဖြစ် မွေးထုတ်ပေးနိုင်ရေး၊ အားကစားအထောက်အကူပြု ပစ္စည်းများနှင့် အားကစားရန်ပုံငွေ ပံ့ပိုးပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းက အားကစားနှင့် ပညာရေး ပေါင်းစပ် လေ့ကျင့်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ တိုင်းဒေသကြီး အားကစားအဆင့်အတန်းကို ယခင်ကထက် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် အားကစားနှင့် ကာယပညာကော်မတီဝင်၊ ဆပ်ကော်မတီဝင်များက အားကစားနည်းအလိုက် လူရွေးချယ်ရေး၊ လေ့ကျင့်ရေးနှင့် အောင်နိုင်ရေး ဆောင်ရွက်မှုများကို တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကာယဗလနှင့် ကာယအလှ လေ့ကျင့်ရေးခန်းမနှင့် သေနတ်ပစ် လေ့ကျင့်ရေးကွင်းများ၌ ကာယဗလလေ့ကျင့်နေမှုနှင့် သေနတ်ပစ် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

မုတ်သုံလေအားကောင်းမည်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(တပ်ကုန်း)တွင် ၁ဒသမ၄၂ လက်မ၊ ဂွမြို့တွင် ၁၃ ဒသမ ၀၇ လက်မ၊ ဟသ်ာတ(တံခွန်တိုင်)မြို့တွင် ၉ ဒသမ ၀၂ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၈ဒသမ၈၆လက်မ၊ မောင်တောမြို့တွင် ၈ဒသမ၁၁လက်မ၊ စစ်တွေမြို့တွင် ၇ဒသမ၇၅လက်မ၊ အမ်းမြို့တွင် ၇ဒသမ၁၆လက်မ၊ ဘီးလင်းမြို့တွင် ၆ဒသမ၆၂လက်မ၊ ဟသ်ာတမြို့တွင် ၆ဒသမ၅၈လက်မ၊ သံတောင်ကြီးမြို့တွင် ၆ဒသမ၀၁လက်မ၊ ကျောက်တော်မြို့တွင် ၅ဒသမ၉၁လက်မ၊ သံတွဲမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၅ဒသမ၇၁ လက်မစီ၊ မြောက်ဦးမြို့တွင် ၅ဒသမ၅၁လက်မ၊ သာယာဝတီမြို့တွင် ၅ဒသမ၄၇လက်မ၊ တောင်ကုတ်မြို့တွင် ၅ဒသမ၂၈လက်မ၊ မာန်အောင်မြို့တွင် ၅ လက်မ၊ တမူးမြို့တွင် ၄ဒသမ၆၄လက်မ၊ ကျိုက္ခမီမြို့တွင် ၄ဒသမ၂၉ လက်မနှင့် ဟုမ္မလင်းမြို့တွင် ၄ဒသမ၀၂လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ အများအားဖြင့် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ကမ်းနားလမ်းတွင် အရှည်ပေ ၂၄၀၀ ရေမြောင်းအသစ် တူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးတင်ဇော်လင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူစွာ ထုတ်ပေးနိုင်ရေး တန့်ယန်းမြို့၌ ဆောင်ရွက်

တန့်ယန်း ဇူလိုင် ၂၀

နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရန် တန့်ယန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ဇူလိုင် ၁၈ ရက်တွင် အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းတို့၌ စတင်ဆောင်ရွက်ပေးနေပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများသို့လည်း အဆိုပါအိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို အမြန်ဆုံးထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၆၅၅)

(၁၁၉)ကြိမ်မြောက် သွေးလှူ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် သုခမ္မမဏိဇောတရေ ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်) စာပေဆုများနှင့် လူမှုထူးချွန် (တတိယ/ပထမဆင့်) သည် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀)တွင် ဇူလိုင် ၁ ရက်က (၁၁၉) ကြိမ်မြောက် သွေးလှူဒါန်းခဲ့သည်။ (ကြေးမုံ)

မော်လမြိုင်ကျွန်းမြို့ မြို့မ(၅) ရပ်ကွက် (၁၁) လမ်း လမ်းမကြီးအား မိုးရာသီ ရေစီးရေလာ ကောင်းမွန်ရေး အတွက် အမှိုက်များ ဖော်ထုတ်ရှင်းလင်းနေမှုကို ဇူလိုင် ၂ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ ဦးစီးအရာရှိ ဦးမျိုးဇော် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၁)နေပြည်တော်အားကစားကွင်း အုပ်စု(ဃ)

အလုပ်သမားဝန်ကြီးဌာန သုံးဂိုး

(ရဲနောင်-နှစ်ဂိုး၊ ဇော်ဇော်ထွန်း)

ပညာရေးဝန်ကြီးဌာန နှစ်ဂိုး

(ဝေယံမင်းထိုက်နှင့် အောင်ကျော်မိုး)

ဒိုင်လူကြီး ဦးထွန်းရှင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(င)

ဟိုတယ်/ခရီးဝန်ကြီးဌာန ၁၀ ဂိုး

(ဇော်ဝင်းထွန်း-လေးဂိုး၊ အိုင်းမင်းချစ်-သုံးဂိုး၊ အာကာမင်း-နှစ်ဂိုး၊ အောင်မျိုးဦး)

နယ်စပ်ရေးရာဝန်ကြီးဌာန ဂိုးမရှိ

ဒိုင်လူကြီး ဦးထွန်းကြည်(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ယင်းပြိုင်ပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် ဌာနဆိုင်ရာကြီးအကဲများ တက်ရောက်အားပေးကြည့်ရှုကြသည်။

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(ဃ)

သတ္တုတွင်းဝန်ကြီးဌာန ခြောက်ဂိုး

(ညီညီမင်းမြတ်-နှစ်ဂိုး၊ ရဲထူးဇော်-နှစ်ဂိုး၊ စောလောလမုနှင့် မျိုးမင်းသူ)

သာသနာရေးဝန်ကြီးဌာန တစ်ဂိုး

(ဇော်မင်းထူး)

ဒိုင်လူကြီး ဦးသန်းဇော်မင်း (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၁-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့) ပွဲစဉ်များ

အမှတ်(၁) နေပြည်တော်အားကစားကွင်း အုပ်စု(င)

ပြည်ထဲရေးနှင့် စီမံစီးပွား

အမှတ်(၂) နေပြည်တော်အားကစားကွင်း အုပ်စု(စ)

လ၀ကနှင့် အမှတ်(၂)လျှပ်စစ်

နေပြည်တော်လယ်ဝေးအားကစားကွင်း အုပ်စု(စ)

အားကစားနှင့် ကျန်းမာရေး

(၁၀၇)

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်တွင် အမှတ်(၂) နေပြည်တော်အားကစားကွင်း၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

အာဆီယံရိုးရာ စစ်တုရင်ပြိုင်ပွဲ ပထမရရှိ

ရန်ကုန် ဇူလိုင် ၂၀

၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် စစ်တုရင်အားကစားနည်း ပြိုင်ပွဲအမျိုးအစားများ အလိုက် အကြိုပြိုင်ပွဲများ (2011 SEA Games Chess Test Event) ကို ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်မြို့၌ ကျင်းပရာ အာဆီယံရိုးရာစစ်တုရင် (ASEAN Chess) ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ စည်သူ (လယ်/ဆည်)က ပထမနှင့် အောင်မျိုးလှိုင် (ပြည်ထဲရေး)က ဒုတိယ ရရှိခဲ့သည်။

(၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး စစ်တုရင်အားကစားနည်းတွင် ပြိုင်ပွဲအမျိုးအစား ကိုးမျိုး ပါဝင်မည်ဖြစ်သည်။ အာဆီယံ စစ်တုရင်ကစားနည်းမှာ ပထမဦးဆုံးအကြိမ်အဖြစ် စတင်ထည့်သွင်းကျင်းပခြင်းဖြစ်ပြီး မြန်မာ့ရိုးရာ စစ်တုရင်၊ ထိုင်းရိုးရာစစ်တုရင်နှင့် ကမ္ဘောဒီးယား ရိုးရာစစ်တုရင် ကစားနည်းများကို အခြေခံထားခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ကမ္ဘာ့ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာနိုင်ငံပိုက်ကျော်ခြင်းလက်ရွေးစင်အသင်းထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအဖွဲ့သည် ယမန်နေ့ ည ၈ နာရီတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ဓါတ်ပုံ)**

မြန်မာပိုက်ကျော်ခြင်းအဖွဲ့တွင် အမျိုးသားအားကစားသမားများအဖြစ် ဇော်လတ်၊ အောင်မျိုးဆွေ၊ သန့်ဇင်ဦး၊ စည်သူလင်းနှင့် ရာဇာထွန်း၊ အမျိုးသမီးအားကစားသမားများအဖြစ် ကြူကြူသင်း၊ နိုင်နိုင်ဝင်း၊ နန်းယဉ်ယဉ်မြင့်၊ မေဇင်ဖြိုးနှင့် ဖြူဖြူသန်းတို့ သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဖွဲ့ခေါင်းဆောင် ဦးသန်းလွင်၊ နည်းပြ ဦးသိန်းဇော်မင်း၊ ဒိုင်လူကြီး ဦးသိန်းထိုက်တို့ လိုက်ပါသွားသည်။

(သတင်းစဉ်)

တီဗက်ဇ်ကို ထုတ်ရောင်းမည့် မန်စီးတီး အဂူရိုကို ခေါ်ယူရန် သဘောတူညီမှုရရှိ

လန်ဒန် ဇူလိုင် ၂၀

မန်စီးတီးအသင်းသည် အသင်းမှ ထွက်ခွာရန် တောင်းဆိုထားသည့် တိုက်စစ်မှူး တီဗက်ဇ်ကို ယခုအချိန်တွင် ခွင့်ပြုလိုက်သည့်အပြင် ဘရာဇီးကလပ် ကိုရင်သီယန်သို့ ရောင်းချရန် သဘောတူညီမှုရရှိထားပြီးဖြစ်သည်။

အသက် (၂၇) နှစ်ရှိ အာဂျင်တိုင်းသားမှာ မန်စီးတီးကို စွန့်ခွာပြီး တောင်အမေရိကကို ပြန်တော့မည်မှာ သေချာနေပြီဖြစ်ခြင်းကြောင့် ၎င်းနေရာတွင် အစားထိုးမည့် တိုက်စစ်မှူးတစ်ဦးကို မဖြစ်မနေ ခေါ်ယူရတော့မည်ဖြစ်သည်။ တီဗက်ဇ်၏ အပြောင်းအရွှေ့မှာ ပေါင်သန်း ၄၀ ခန့်ဖြင့် ဗုဒ္ဓဟူးနေ့အကုန်တွင် အပြီးသတ်ဆောင်ရွက်ဖွယ်ရှိနေသည်။

ထိုသို့သော အခြေအနေမျိုးတွင် မန်စီးတီးနည်းပြ မန်စီနီအနေဖြင့် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးဖြစ်သည့် အက်သလက်တီကို မက်ဒရစ်အသင်းမှ အာဂျင်တိုင်းသားလေး ဆာဂျီယိုအဂူရိုကို ခေါ်ယူရန်ကြိုးပမ်းမှုမှာ အောင်မြင်ခဲ့ပြီဟု ဆိုရမည်ဖြစ်သည်။ မန်စီးတီးအသင်းသည် အဆိုပါ အသက် (၂၃) နှစ်ရှိ တိုက်စစ်မှူး ဆာဂျီယို အဂူရိုကို ပေါင် ၃၈ ဒသမ ၆ သန်းပေး၍ ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ မန်စီးတီးအသင်းသည် အဆိုပါ ကစားသမားအတွက် တစ်ပတ်လုပ်ခ ပေါင် တစ်သိန်းငါးသောင်း ပေးရမည်ဟုဆိုသည်။ **ESPN**

မန်စီးတီးကို စွန့်ခွာတော့မည့် တီဗက်ဇ်။

ဟန်သစ်

ဆန်ချက်ဇ် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

ဘာစီလိုနာ ဇူလိုင် ၂၀

စပိန်လာလီဂါထိပ်သီးကလပ် ဘာစီလိုနာသည် အူဒီးနိစ်အသင်းမှ ချီလီ တိုက်စစ်မှူး ဆန်ချက်ဇ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဟုဆိုသည်။

အသက် (၂၂) ရှိ ဆန်ချက်ဇ်နှင့် ဘာစီလိုနာတို့သည် ကိုပါအမေရိကဖလား ပြိုင်ပွဲအပြီးတွင် အပြီးသတ်စာချုပ်သွားမည်ဟု သိရသည်။ ဘာစီလိုနာနည်းပြ ဂွါဒီယိုလာက ဆန်ချက်ဇ်မှာ ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် မိမိအဓိက ခေါ်ယူလိုသည့် ကစားသမားဖြစ်ကြောင်း၊ နောက်ထပ် အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂက်စ်ကို ခေါ်ယူနိုင်ရန် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဘာစီလိုနာအသင်းသို့ ပေါင် ၂၇ သန်းဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိထားပြီးဖြစ်သည့် ဆန်ချက်ဇ်ကို မန်ယူအသင်းကလည်း ကမ်းလှမ်းခဲ့ဖူးသည်။ **ESPN**

ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့သည့် ဆန်ချက်ဇ်။

ကိုပါအမေရိကဖလားပြိုင်ပွဲ ဥရုဂွေး ဗိုလ်လုပွဲတက်ပြီ

ဗျူနိုအေးရိစ် ဇူလိုင် ၂၀

အာဂျင်တီးနားနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲကို ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ ဥရုဂွေးက ပီရူးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရကာ နောက်ဆုံးဗိုလ်လုပွဲကို တက်သွားပြီဖြစ်သည်။ ယခုပွဲတွင် နှစ်သင်းလုံး လူစုံထုတ်သုံးခဲ့ပြီး ခြေစွမ်းကွာဟမှုကလည်း ကျဉ်းမြောင်းခဲ့သည်။ နှစ်သင်းလုံး ခုနစ်ကြိမ်စီ ဂိုးကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဥရုဂွေးက ကောင်းစွာအသုံးချနိုင်ခဲ့ခြင်းကြောင့် ဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဥရုဂွေးအတွက် ဂိုးများကို ပွဲချိန် ၅၂ မိနစ်နှင့် ၅၇ မိနစ်တို့တွင် တိုက်စစ်မှူး ဆွာရက်ဇ် တစ်ဦးတည်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဤပွဲတွင် ပွဲချိန် ၆၈ မိနစ်၌ ပီရူးကွင်းလယ်ကစားသမား မင်ချူရယ်မာဂစ်ရစ်ကို အနီကတ်ထိခဲ့သည်။ **ESPN**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

လုဖ်သန်ဆာလေကြောင်းလိုင်း ဇီဝလောင်စာ စမ်းသပ်အသုံးပြုပြီ

ဖရန့်ဖတ် ဇူလိုင် ၂၀

ဂျာမနီနိုင်ငံမှ လုဖ်သန်ဆာ လေကြောင်းလိုင်းသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရန် ရည်ရွယ်လျက် ပုံမှန်ပျံသန်းသည့် လေကြောင်းခရီးစဉ်များ၌ လေယာဉ်လောင်စာဆီအဖြစ် ဇီဝလောင်စာကို စမ်းသပ်အသုံးပြုလျက်ရှိကြောင်း အဆိုပါ လေကြောင်းလိုင်း၏ သတင်းကြေညာချက် တစ်ရပ်တွင် ဖော်ပြသည်။

လုဖ်သန်ဆာလေကြောင်းလိုင်းသည် ဇူလိုင် ၁၅ ရက်မှစ၍ ခြောက်လကြာမျှ ဇီဝလောင်စာကို စမ်းသပ်အသုံးပြုမည်ဖြစ်ကြောင်း၊ ယင်းကာလအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု တန်ချိန် ၁၅၀၀ အထိ လျှော့ချနိုင်မည်ဟု ခန့်မှန်းရကြောင်း မြို့ပြလေကြောင်း ရက်သတ္တပတ်အမည်ရှိ စာစောင်မှ စာတည်း ရောဘတ်ဝေါက ပြောကြားသည်။

လုဖ်သန်ဆာလေကြောင်းလိုင်းသည် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့နှင့် ဟမ်းဘတ်မြို့အကြား နေ့စဉ်လေကြောင်းခရီးစဉ်များ ပျံသန်းသော အဲဘတ်စ်ခရီးသည်တင် လေယာဉ်တစ်စင်းကို ဇီဝလောင်စာအသုံးပြု၍ စမ်းသပ် ပျံသန်းစေသည်။ လုဖ်သန်ဆာလေကြောင်းလိုင်းအတွက် လိုအပ်သောဇီဝလောင်စာကို နက်စတီး ရေနံလုပ်ငန်းကုမ္ပဏီက ထောက်ပံ့ပေးသည်။***အင်တာနက်။***

စွမ်းအင်နည်းပညာ
အင်တာနက်သတင်း

ဘာသာပြန် - သတင်းလုလင်

ဇီဝလောင်စာကို စမ်းသပ်အသုံးပြုလျက်ရှိသော လုဖ်သန်ဆာ လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြစ်ရေကြီးခြင်း သတိပေးချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၂၀

ဝန်းမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၁၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၁၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မော်လိုက်မြို့တွင် ၁၁၀၄ စင်တီမီတာနှင့် ကလေးဝမြို့တွင် ၁၃၇၆ စင်တီမီတာအသီးသီးသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များဖြစ်သော စင်တီမီတာ ၁၂၃၀ နှင့် စင်တီမီတာ ၁၅၅၀ အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ယနေ့သတင်းအညွှန်း

ဟောလိဝုဒ်မင်းသား တွမ်ခရုစ် One Shot ဇာတ်ကား၌ သရုပ်ဆောင်မည်

(သတင်း) စာမျက်နှာ - ၇

ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန် ပုဂ္ဂလိက ငွေစုငွေချေးအသင်းများ ပေါ်ပေါက်လာရေး ကြိုးပမ်း

(သတင်း) စာမျက်နှာ - ၅

ကျောက်စိမ်းများ သိုလှောင်ရာ၌ စာရင်းဇယားနှင့် စနစ်တကျ ထိန်းသိမ်း

(သတင်း) စာမျက်နှာ - ၇

မန်စီးတီးကို စွန့်ခွာကာ တောင်အမေရိက ပြန်တော့မည့် တီဗက်ဇ်

(သတင်း) စာမျက်နှာ - ၁၁

အာဆီယံ ရိုးရာ စစ်တုရင်ပြိုင်ပွဲ၌ မြန်မာ ပထမရ

(သတင်း) စာမျက်နှာ - ၁၁

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၀ - ၇ - ၂၀၁၁

ဂွ	၁၃ ဒသမ ၀၇ လက်မ
ဟသ်ာတ	၉ ဒသမ ၀၂ လက်မ
ငါးသိုင်းချောင်း	၈ ဒသမ ၈၆ လက်မ
မောင်တော	၈ ဒသမ ၁၁ လက်မ